အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးမိုး ကို လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)

**(၂၄) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် **(၂၄) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | အဖွဲ့ဝင်<br>နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်<br>အမှုဆောင်ချုပ် | နာယက |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆေးသုတေသနဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး
ကျန်းမာရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
တိုင်းရင်းဆေးပညာဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

၂။ (၂၄) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) (၂၄) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သောလမ်းညွှန်မှုများချမှတ်ရန်၊

(ခ) (၂၄) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကျင်းပနိုင်ရေး လုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းအလိုက် ငွေကြေးရန်ပုံငွေ သုံးစွဲမှုကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ညှိနှိုင်းသတ်မှတ်ရန်၊

(ဂ) လိုအပ်သော ပံ့ပိုးကူညီမှုများရရှိရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် နေပြည်တော်ကောင်စီတို့က မိမိအခွင့်အာဏာ အရ လုပ်ကိုင်ခွင့်ပြုသည့် အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများတွင် အထောက်အထားခိုင်လုံမှု မရှိဘဲ ကန့်ကွက်ခြင်းများနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်နိုင်ရန် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များနှင့် နေပြည်တော်ကောင်စီတို့က မိမိအခွင့်အာဏာအရ လုပ်ကိုင်ခွင့်ပြုသည့် လုပ်ငန်းများ၊ စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ လုပ်ကိုင်ခွင့်ရရှိသော ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်သောကိစ္စရပ် များနှင့်စပ်လျဉ်း၍ အထောက်အထားခိုင်လုံမှု မရှိ၊ ပတ်သက်ဆက်နွှယ်မှုမရှိဘဲ ကန့်ကွက်ခြင်းများ ဖြစ်ပေါ်လျက် ရှိပါသည်။ ထိုသို့ကန့်ကွက်ခြင်းများသည် လုပ်ငန်းများကို နှောင့်နှေးကြန့်ကြာစေခြင်း၊ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းကို အဟန့်အတားဖြစ်စေခြင်း၊ မလိုလားအပ်သည့် အဂတိလိုက်စားမှုများဖြစ်ပေါ်စေခြင်းတို့ကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို ထိခိုက်နှောင့်နှေးစေနိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၂။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းအနေဖြင့် မိမိအခွင့်အာဏာအရ လုပ်ကိုင်ခွင့်ပြုသည့်လုပ်ငန်းများ၊ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ လုပ်ကိုင်ခွင့်ရသောကုမ္ပဏီ၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အထောက်အထားခိုင်လုံမှု မရှိ ပတ်သက်ဆက်နွယ်မှုမရှိဘဲ ကန့်ကွက်ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းအနေဖြင့် ယင်းကန့်ကွက်မှုကို ထည့်သွင်းစဉ်းစား သုံးသပ်ရန် မလိုအပ်ဘဲ သက်ဆိုင်ရာလုပ်ငန်းများကို ခွင့်ပြုခြင်း၊ ဆက်လက်ဆောင်ရွက်စေခြင်းတို့ ပြုရမည့်အပြင် သက်ဆိုင်ရာလုပ်ငန်းများကိုလည်း ဆိုင်းငံ့ထားခြင်းမပြုဘဲ ဆက်လက်ဆောင်ရွက်စေရမည်။

၃။ ယင်းသို့ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက အထောက်အထားခိုင်လုံမှုမရှိဘဲ လုပ်ငန်းအနှောင့်အယှက် ဖြစ်စေရန်အတွက်လည်းကောင်း၊ မတရားအကျိုးအမြတ် တစ်စုံတစ်ရာရယူရန်အတွက်လည်းကောင်း ကန့်ကွက်ခြင်းဖြစ်ကြောင်း စိစစ်ပေါ်ပေါက်ပါက အဆိုပါ ကန့်ကွက်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် သက်ဆိုင်ရာတည်ဆဲဥပဒေနှင့်အညီ အရေးယူခြင်းကိုခံစေရမည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၉၂၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့ အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်ခိုင်သန္တာသိန်းမြင့်<br>တ/ ၃၂၈၇ | တွံတေး<br>ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဦးခင်ဇာနီအောင်<br>တ/ ၃၅၇၇ | ကျောက်ဖြူ<br>ရခိုင်ပြည်နယ် |

သာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

### အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါ်ဥမ္မာအေး ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ဦးသန်းထွန်းဝင်း (ဘ) ဦးစိုးမင်း [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၂/ ထတပ (နိုင်) ၀၉၃၂၈၇] အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်

အဆောင်အယောင်များဆိုင်ရာဥပဒေနှင့်အညီ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

အောင်ဇော်သိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

### ကိုယ်ရေးအရာရှိ ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်စွဲပါ အမိန့်အမှတ် ၃၅/၂၀၂၅ ဖြင့် ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါ်ခင်သင်းဝေ ၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ဦးကြည်ဇင် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၇/ ပခန (နိုင်) ၃၄၇၀၅၂] ကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေနှင့်အညီ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

### ကိုယ်ရေးအရာရှိ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၂၁ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး ၏ ကိုယ်ရေးအရာရှိရာထူးနေရာတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေနှင့်အညီ ခန့်အပ်ခဲ့သော ဦးနေမျိုးအောင် အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ ညနေပိုင်းမှစ၍ နုတ်ထွက်ခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၂၅)

### ကိုယ်ရေးအရာရှိ ခန့်ထားခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး ၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ဦးဇော်ထွန်းကျော် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၃/ မခန (နိုင်) ၀၁၀၂၀၉] ကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေနှင့်အညီ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

## ကြေညာချက်အမှတ် (၁၄၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

## မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၁) ဦး အစားထိုး တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဒေါ်စန်းစန်းဝင်း ကို မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၂) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

## ကြေညာချက်အမှတ် (၁၄၄/၂၀၂၅)

## မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၁) ဦး အစားထိုး တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးဝင်းထူး ကို ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၃) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

သန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သော ရုံးအဆောက်အအုံများ၊ နိုင်ငံပိုင်အိမ်ရာအဆောက်အအုံများနှင့် ပစ္စည်းများပျက်စီးဆုံးရှုံးမှုလျော့နည်းသက်သာစေရေး၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ထိခိုက်မှုမရှိစေရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်းဆိုင်ရာကိစ္စရပ်များ ကြိုတင်ကာကွယ်နိုင်ရေးနှင့် အထက်အကြီးအကဲများ၏ လမ်းညွှန်မှုများအား အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ဦးလွင်ဦး ဥက္ကဋ္ဌ
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

(ခ) ဦးကျော်ဝင်းသိန်း ဒုတိယဥက္ကဋ္ဌ
ကော်မရှင်အဖွဲ့ဝင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

(ဂ) ဒေါ်ကြူကြူဝင်း အဖွဲ့ဝင်
ကော်မရှင်အဖွဲ့ဝင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

(ဃ) ဒေါက်တာ ထွန်းထွန်းဦး အဖွဲ့ဝင်
ကော်မရှင်အဖွဲ့ဝင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

(င) ဦးတိုးရီ — အဖွဲ့ဝင်
ကော်မရှင်အဖွဲ့ဝင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

(စ) ဦးကောင်းဇော်သန့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

(ဆ) ဦးဇော်မင်းထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာန
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

(ဇ) ဦးထိန်လင်း — အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

(ဈ) ဦးလွင်အောင် — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်၊ စီမံရေးရာဦးစီးဌာန
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ကော်မတီ၏ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန်အတွက် လိုအပ်သောအဖွဲ့များဖွဲ့စည်းပေးခြင်း၊ အဆင့်ဆင့်သောလုပ်ငန်းများအနက် အရေးကြီးသောလုပ်ငန်းများအား မူဝါဒပေးခြင်း၊ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်တိုးတက်မှုကို ပြန်လည်သုံးသပ်၍ လိုအပ်သလိုလမ်းညွှန်ခြင်း၊

(ခ) သဘာဝဘေးကြုံတွေ့နေချိန်တွင် ဌာနတွင်းအင်အားစုများကို လိုအပ်သလိုထုတ်နုတ်သုံးစွဲနိုင်ရေးအတွက် မူဝါဒဆိုင်ရာလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊

(ဂ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အကူအညီလိုအပ်သည်ဟု ဆုံးဖြတ်သောကိစ္စများအတွက် ပေါင်းစပ်ဆောင်ရွက်ရေးဆိုင်ရာအခြေခံမူဝါဒများချမှတ်ပေးခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများပါဝင်သည့်လုပ်ငန်းအဖွဲ့များကို အဆင့်ဆင့်ဖွဲ့စည်းပေးခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကျရောက်သည်နှင့်တစ်ပြိုင်နက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများလျော့ပါးရေးအတွက် ရာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(စ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသရှိ ဘေးသင့်သူများလက်ဝယ်သို့ ကယ်ဆယ်ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ စနစ်တကျအချိန်မီရောက်ရှိစေရေးအတွက် ဆောင်ရွက်ခြင်း၊

(ဆ) ဘဏ္ဍာရေးဆိုင်ရာလိုအပ်ချက်နှင့် လိုအပ်သောအရင်းအမြစ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြတောင်းခံ၍ ကော်မရှင်ရှိ လိုအပ်သောဌာနများသို့ ကူညီပံ့ပိုးပေးခြင်း၊

(ဇ) ဘေးသင့်သူများအတွက် လိုအပ်သောလူသားချင်းစာနာမှုအကူအညီများထောက်ပံ့နိုင်ရန် သက်ဆိုင်သည့်အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာ အကူအညီပေးသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအစီအစဉ်များ ညှိနှိုင်းဖော်ဆောင်ပေးခြင်း၊

(ဈ) သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးနှင့် အခက်အခဲအဟန့်အတားများမရှိစေရေးအတွက်လည်းကောင်း၊ သဘာဝဘေးကြုံတွေ့ရချိန်နှင့် ကြုံတွေ့ပြီးချိန်များတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း လိုအပ်ပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

၃။ ယခင်ထုတ်ပြန်ထားသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/ ၂၀၂၅ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

လွင်ဦး
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

**ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ**

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် **ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငွေတိုက်ဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများအတွက် နိုင်ငံတော်မှထည့်ဝင်ငွေ၊ ပြည်တွင်း ပြည်ပမှ လှူဒါန်းငွေများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများအလိုက် စနစ်တကျထိန်းသိမ်း၊ ထုတ်ပေးဆောင်ရွက်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်အလိုက် လိုအပ်သည့်ရန်ပုံငွေများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီမှတစ်ဆင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ လျာထားတင်ပြရန်၊

(ဂ) လျာထားမှုပြုပြီးသောရန်ပုံငွေများကိုချက်ချင်းသုံးစွဲနိုင်ရေးအတွက်လည်းကောင်း၊ရန်ပုံငွေလျာထားချက်မရှိဘဲ အရေးပေါ်ဆောင်ရွက်ရန် လိုအပ်သောရန်ပုံငွေထပ်မံခွဲဝေလျာထားခြင်းနှင့် ကျခံသုံးစွဲခြင်းများအတွက်လည်းကောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဆုံးဖြတ်ချက်ကို အလျင်အမြန်ရယူဆောင်ရွက်ရန်၊

(ဃ) ရန်ပုံငွေများသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်ကိုက်ညီစေရေးအတွက် ကြပ်မတ်ကွပ်ကဲသွားရန်နှင့် စာရင်းစစ်ချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ငွေစာရင်းများကို စနစ်တကျရှိစေရေးဆောင်ရွက်ရန်၊

(င) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အတည်ပြုချက်ရရှိပြီးဖြစ်သော အသုံးစရိတ်များကိုသက်ဆိုင်ရာအဖွဲ့အစည်းများသို့လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ များသို့လည်းကောင်း အလျင်အမြန်လွှဲပြောင်းပေးနိုင်ရေးအတွက်ဆောင်ရွက်ရန်၊

(စ) ရန်ပုံငွေများရရှိမှု၊ သုံးစွဲမှုနှင့် လက်ကျန်စာရင်းများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရန်၊

(ဆ) သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူရာတွင် စနစ်တကျရှိစေရန်နှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက လိုအပ်သောကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်အကျိုးရှိစေရန်အတွက် ပစ္စည်းဝယ်ယူရေးအဖွဲ့ ကို စနစ်တကျ ဖွဲ့စည်း တာဝန်ပေးဆောင်ရွက်ရန်၊

(ဇ) သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေအရ ဖွင့်လှစ်ထူထောင်ထားသော တိုင်းဒေသကြီး/ပြည်နယ်သဘာဝဘေး စီမံခန့်ခွဲမှုရန်ပုံငွေများကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းများရေးဆွဲအသုံးပြု ထိန်းသိမ်း၊ သုံးစွဲဆောင်ရွက်နိုင်ရေး လိုအပ်သောအထောက်အကူများပံ့ပိုးခြင်း၊ ကြပ်မတ်ကွပ်ကဲခြင်းတို့ ဆောင်ရွက်ရန်၊

(ဈ) ပြည်ပနိုင်ငံများ၏ ဘေးဖြစ်ပွားမှုနှင့် ထိခိုက်ဆုံးရှုံးနိုင်မှုအတိုင်းအတာအလိုက် လူသားချင်းစာနာမှု အကူအညီများ ပေးအပ်နိုင်ရေးပံ့ပိုးဆောင်ရွက်ရန်၊

(ည) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဋ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လ တစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဌ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၅)

## နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် **နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး　　ဥက္ကဋ္ဌ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်　　ဒုတိယဥက္ကဋ္ဌ
ဥပဒေရေးရာဝန်ကြီးဌာန

(ဂ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဃ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(င) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(စ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဆ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဇ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စွမ်းအင်ဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီး တွဲဖက်အတွင်းရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သော အပြည်ပြည်ဆိုင်ရာထောက်ပံ့ငွေများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီများ (Grants)၊ အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေများ (Soft Loans) များနှင့် သုတေသနနှင့် လေ့ကျင့်ရေး (Research and Training) ရရှိရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(ခ) နိုင်ငံတစ်ခုချင်းစီနှင့် ကိုက်ညီသော သဘောတူညီချက် (Deal) များကို ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများ (Sanction)ကို ကျော်လွှားနိုင်ရေးနှင့် စီမံကိန်းများ၊ စီးပွားရေး အခွင့်အလမ်းများအား ပူးတွဲဖော်ဆောင်နိုင်ရေးဆောင်ရွက်ရန်၊

(ဂ) မိတ်ဖက်အာဆီယံနိုင်ငံများနှင့် ရေရှည်ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်မည့် ဘုံအကျိုးစီးပွားများ ပေါ်ပေါက်စေရေး ဆောင်ရွက်ရန်၊

(ဃ) ပြည်သူများ၏ မျှော်လင့်ချက်၊ ပြည်တွင်း ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်ပေးနိုင်ရေး ဆောင်ရွက်ရန်၊

(င) နိုင်ငံတကာအကူအညီရယူ၍ ပြည်တွင်းပညာရှင်များဖြင့် ဘေးအန္တရာယ်လျှော့ချရေး (DRR–Disaster Risk Reduction) နှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အကြံဉာဏ်များအား အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်၊

(စ) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးကိစ္စရပ်များကို အသုံးချ၍ နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်ခြင်းမျိုးမဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးအန္တရာယ်ကျရောက်မှုကို မြန်မာသံရုံး မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာ ကောင်စစ်ဝန်ချုပ်ရုံးများအားလုံးနှင့် ပြည်တွင်းရှိ နိုင်ငံခြားသံရုံးများအား ချက်ချင်းအသိပေး၍ သတင်းထုတ်ပြန်ခြင်း၊ အကူအညီအထောက်အပံ့များ တောင်းခံရယူခြင်းများကို ဆောင်ရွက်ရန်၊

( ဇ ) ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းတို့မှတစ်ဆင့် ဝင်ရောက်လာသည့်အခါ ပြည်ဝင်ဗီဇာထုတ်ပေးနိုင်ရေး၊ အခွန်ကင်းလွတ်ခွင့်ရရှိရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

( ဈ ) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလအချိန်အခါနှင့် လျော်ညီမှုရှိစေရေး သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ည) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ (၃) လတစ်ကြိမ်တင်ပြသွားရန်၊

( ဋ ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သည့် တာဝန်များဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)
ဒေါက်တာ စိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

### ကလေးသူငယ်အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပုဒ်မ ၆ တွင် ပြဋ္ဌာန်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **ကလေးသူငယ်အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်ရေးမှူးရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | တပ်ဖွဲ့မှူး<br>လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လူငယ်ရေးရာဦးစီးဌာန<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ပ) | ကိုယ်စားလှယ်တစ်ဦး<br>တပ်အင်အားဖြည့်တင်းရေးညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | ညွှန်ကြားရေးမှူး<br>နေပြည်တော်လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဗ) | ညွှန်ကြားရေးမှူး<br>ကချင်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | ညွှန်ကြားရေးမှူး<br>ကယားပြည်နယ်လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (မ) | ညွှန်ကြားရေးမှူး<br>ကရင်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ယ) | ညွှန်ကြားရေးမှူး<br>ချင်းပြည်နယ်လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ရ) | ညွှန်ကြားရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (လ) | ညွှန်ကြားရေးမှူး<br>တနင်္သာရီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဝ) | ညွှန်ကြားရေးမှူး<br>ပဲခူးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (သ) | ညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဟ) | ညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဠ) | ညွှန်ကြားရေးမှူး<br>မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (အ) | ညွှန်ကြားရေးမှူး<br>ရခိုင်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ကက) | ညွှန်ကြားရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ခခ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရှမ်းလူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဂဂ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရောဝတီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဃဃ) ကိုယ်စားလှယ် (၅) ဦး — အဖွဲ့ဝင်
ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက်
ဆောင်ရွက်လျက်ရှိသည့် လူမှုရေးအဖွဲ့အစည်းများနှင့်
အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ
စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ

(ငင) ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) — အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကလေးသူငယ်၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ကလေးသူငယ်၏ အကျိုးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ကလေးသူငယ်မှုခင်းများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအဆင့်ဆင့်အကြား လိုအပ်သည့်ချိတ်ဆက်ညှိနှိုင်းမှုများ ဆောင်ရွက်ခြင်း၊

(င) ကလေးသူငယ်များအပေါ် ကျူးလွန်သောပြစ်မှုများနှင့်စပ်လျဉ်း၍ ထိရောက်သောပြစ်ဒဏ်သတ်မှတ် နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) သက်ဆိုင်ရာဌာနများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် သင်တန်းများစီစဉ်ပေးခြင်း၊ ကလေးသူငယ် ဆိုင်ရာအရေးကိစ္စများ ဆောင်ရွက်နေကြသည့် ဆက်စပ်ဌာနများရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရန် သင်တန်းများစီစဉ်ပေးခြင်း၊

(ဆ) လိုအပ်သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဆပ်ကော်မတီများ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဇ) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအကောင်အထည်ဖော်မှု နိုင်ငံအဆင့် အစီရင်ခံစာပြုစုရေးသားခြင်း၊

(ဈ) လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာ အမျိုးသားကော်မတီသို့ အစီရင်ခံစာ တင်ပြခြင်း၊

(ည) အမျိုးသားကော်မတီက အခါအားလျော်စွာပေးအပ်သော ကလေးသူငယ်ဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်ပါက ကလေး သူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

ဒေါက်တာ စိုးဝင်း
ဥက္ကဋ္ဌ
ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

**ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း**

၁။ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee – DEDC) ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်စွဲပါ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁၅၀/၂၀၂၅ ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ မြန်မာဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (Myanmar Digital Economy Roadmap 2030)ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် Living Document အဖြစ် အတည်ပြုထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၃။ အဆိုပါ မြန်မာဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ ပါ မဟာဗျူဟာအခြေခံမူဘောင်များနှင့် ကာလတို၊ ကာလလတ်၊ ကာလရှည်လုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် **ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ လုပ်ငန်းကော်မတီ (၄) ခု** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

(က) **Digital Trade နှင့် E–Commerce ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

| | | |
|---|---|---|
| (ကက) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးဈေးကွက်၊ ငွေပေးချေမှုနှင့်<br>စာရင်းရှင်းလင်းမှုဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ငင) | ညွှန်ကြားရေးမှူး<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စစ) | ညွှန်ကြားရေးမှူး<br>e–Government ဌာန<br>သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ညွှန်ကြားရေးမှူး<br>အကောက်ခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇဇ) | ညွှန်ကြားရေးမှူး<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈဈ) ဗဟိုအလုပ်အမှုဆောင် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် — အဖွဲ့ဝင်

(ညည) ဗဟိုအလုပ်အမှုဆောင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် — အဖွဲ့ဝင်

(ဋဋ) ဥက္ကဋ္ဌ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း — အဖွဲ့ဝင်

(ဌဌ) ဒုတိယဥက္ကဋ္ဌ Myanmar Digital Economy Association (MDEA) — အဖွဲ့ဝင်

(ဍဍ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် မြန်မာနိုင်ငံဘဏ်များအသင်း — အဖွဲ့ဝင်

(ဎဎ) အလုပ်အမှုဆောင် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း — အဖွဲ့ဝင်

(ဏဏ) လက်ထောက်အတွင်းဝန် e-Government ဌာနခွဲ ပြည်ထောင်စုဝန်ကြီးရုံး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန — အတွင်းရေးမှူး

(၂) **လုပ်ငန်းတာဝန်များ**

(ကက) Digital Trade နှင့် E-Commerce အောင်မြင်ဖြစ်ထွန်းရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်၊

(ခခ) ဒီဂျစ်တယ်ငွေပေးချေမှုစနစ် အောင်မြင်ရန်နှင့် ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များ အချင်းချင်း ချိတ်ဆက်ငွေပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂဂ) ဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံပါ သက်ဆိုင်ရာ Action Plan များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃဃ) Digital Eco System ပေါ်ထွန်းလာစေရေး အားပေးကူညီရန်၊

(ငင) နိုင်ငံတကာ Digital Company များ လာရောက်ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်ခြင်း။

(ခ) **MSME လုပ်ငန်းများနှင့် ဦးစားပေးကဏ္ဍများ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

(ကက) ဒုတိယဝန်ကြီး စက်မှုဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခခ) ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုဝန်ကြီးရုံး စက်မှုဝန်ကြီးဌာန — အဖွဲ့ဝင်

(ဂဂ) ညွှန်ကြားရေးမှူးချုပ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန စက်မှုဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃဃ) ဒုတိယအမြဲတမ်းအတွင်းဝန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(ငင) ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| (စစ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ညွှန်ကြားရေးမှူး<br>ဗဟိုစာရင်းအင်းအဖွဲ့<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇဇ) | ညွှန်ကြားရေးမှူး<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈဈ) | ညွှန်ကြားရေးမှူး<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ညည) | ညွှန်ကြားရေးမှူး<br>သင်တန်းကျောင်း<br>သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋဋ) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌဌ) | ညွှန်ကြားရေးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍဍ) | ညွှန်ကြားရေးမှူး<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎဎ) | ညွှန်ကြားရေးမှူး<br>e-Government ဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏဏ) | ညွှန်ကြားရေးမှူး<br>စီမံရေးရာဌာန (လုပ်ငန်း)<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (တတ) | နည်းပညာအကြံပေး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ထထ) | လက်ထောက်ဌာနမှူး<br>စီမံရေးရာဌာန<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဒဒ) | ဒုတိယညွှန်ကြားရေးမှူး<br>စီမံရေးရာဌာန<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဓဓ) | ဒုတိယဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |

(နန) တွဲဖက်အထွေထွေအတွင်းရေးမှူး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် — အဖွဲ့ဝင်

(ပပ) ဗဟိုအလုပ်အမှုဆောင် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် — အဖွဲ့ဝင်

(ဖဖ) ဒုတိယဥက္ကဋ္ဌ Myanmar Digital Economy Association (MDEA) — အဖွဲ့ဝင်

(ဗဗ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် မြန်မာနိုင်ငံဘဏ်များအသင်း — အဖွဲ့ဝင်

(ဘဘ) ညွှန်ကြားရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန စက်မှုဝန်ကြီးဌာန — အတွင်းရေးမှူး

(၂) **လုပ်ငန်းတာဝန်များ**

(ကက) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME ထုတ်ကုန်များကို Digital Platform အသုံးပြု၍ နိုင်ငံတကာဈေးကွက်ရှာဖွေနိုင်ရေးစီစဉ်ပေးရန်၊

(ခခ) ခရီးသွားလုပ်ငန်းများ၊အသေးစား၊အငယ်စားနှင့်အလတ်စားလုပ်ငန်းများနှင့်ဦးစားပေး ကဏ္ဍကြီး (၉) ခုကို ဒီဂျစ်တယ်နည်းပညာများ ထိရောက်စွာအသုံးပြုလာနိုင်စေရေး စီမံဆောင်ရွက်ရန်၊

(ဂဂ) ဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံပါ သက်ဆိုင်ရာ Action Plan များကို အကောင် အထည်ဖော်ဆောင်ရွက်ရန်၊

(ဃဃ) Digital Startup များ ထွက်ပေါ်လာစေရန် အားပေးကူညီခြင်း။

(ဂ) **ဒီဂျစ်တယ်စီးပွားရေးအခြေခံအဆောက်အအုံနှင့် ဆိုက်ဘာလုံခြုံရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

(ကက) ဒုတိယဝန်ကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခခ) ဒုတိယအမြဲတမ်းအတွင်းဝန် ပြည်ထောင်စုဝန်ကြီးရုံး (စီမံကိန်း) အမျိုးသားစီမံကိန်းဝန်ကြီးဌာန — အဖွဲ့ဝင်

(ဂဂ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃဃ) ညွှန်ကြားရေးမှူး အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ငင) ရဲမှူးကြီး နည်းပညာမှုခင်းဌာန၊ မှုခင်းရဲတပ်ဖွဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(စစ) ညွှန်ကြားရေးမှူး အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| (ဆဆ) | ညွှန်ကြားရေးမှူး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇဇ) | ညွှန်ကြားရေးမှူး<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈဈ) | ညွှန်ကြားရေးမှူး<br>ငွေရေးကြေးရေးဈေးကွက်<br>ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ညည) | တွဲဖက်အထွေထွေအတွင်းရေးမှူး<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဋဋ) | အလုပ်အမှုဆောင်<br>မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း | အဖွဲ့ဝင် |
| (ဌဌ) | အထွေထွေအတွင်းရေးမှူး<br>Myanmar Digital Economy Association (MDEA) | အဖွဲ့ဝင် |
| (ဍဍ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

(၂) **လုပ်ငန်းတာဝန်များ**

(ကက) ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်အကောင်အထည်ဖော်ရန်၊

(ခခ) ဒီဂျစ်တယ်နည်းပညာများအသုံးပြုရာတွင် သတင်းအချက်အလက်လုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေး အစီအမံများ ချမှတ်ဆောင်ရွက်ရန်၊

(ဂဂ) ဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံပါ သက်ဆိုင်ရာ Action Plan များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃဃ) Hard & Soft Infrastructure နှင့် Service Infrastructure များ မြှင့်တင်တည်ဆောက်ခြင်း။

(ဃ) **ဆန်းသစ်တီထွင်မှုနှင့် ဒီဂျစ်တယ်အတတ်ပညာမြှင့်တင်ရေးလုပ်ငန်းကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

| | | |
|---|---|---|
| (ကက) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုဝန်ကြီးရုံး<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ငင) | ညွှန်ကြားရေးမှူး (သတင်း) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စစ) | ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် | အဖွဲ့ဝင် |
| (ဆဆ) | ဗဟိုအလုပ်အမှုဆောင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဇဇ) | ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဈဈ) | စာရင်းစစ် Myanmar Digital Economy Association (MDEA) | အဖွဲ့ဝင် |
| (ညည) | ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဋဋ) | တွဲဖက်အထွေထွေအတွင်းရေးမှူး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် | တွဲဖက်အတွင်းရေးမှူး |

(၂) **လုပ်ငန်းတာဝန်များ**

(ကက) နည်းပညာတီထွင်ဖန်တီးနိုင်မှု (Innovation) နှင့် စွန့်ဦးတီထွင်နိုင်မှု (Entrepreneur–ship) များ မြင့်တက်လာစေရန် စီမံဆောင်ရွက်ရန်၊

(ခခ) လူ့စွမ်းအားအရင်းအမြစ်များမှ ဒီဂျစ်တယ်နည်းပညာများ ကျွမ်းကျင်စွာတတ်မြောက်လာစေရန်နှင့် သုံးစွဲသူပြည်သူများမှ ဒီဂျစ်တယ်နည်းပညာများကို ထိရောက်စွာ အသုံးပြုနိုင်စွမ်းရှိစေရန် စီမံဆောင်ရွက်ရန်၊

(ဂဂ) ဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံပါ သက်ဆိုင်ရာ Action Plan များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃဃ) Digital Transform အတွက် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ခြင်း။

ချစ်ဆွေ
ဥက္ကဋ္ဌ
ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခြင်း**

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၂၅ ဖြင့် ဖွဲ့စည်းပေးခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီတွင် အောက်ဖော်ပြပါ ပြင်ပမှ သင့်လျော်သည့် ပညာရှင်ပုဂ္ဂိုလ် (၃) ဦးအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ)နှင့်အညီ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်လိုက်သည်–

| | | |
|---|---|---|
| (က) | ဦးလှမြင့် | မြို့ပြအုပ်ချုပ်ရေးကိစ္စများဆိုင်ရာပြင်ပ ပညာရှင် |
| (ခ) | ဦးစိန်ထွန်းလင်း | သစ်တောရေးရာဆိုင်ရာပြင်ပ ပညာရှင် |
| (ဂ) | ဦးခင်မောင်ဗိုလ် | မြေယာဆိုင်ရာပြင်ပ ပညာရှင် |

၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မင်းနောင်
ဥက္ကဋ္ဌ
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

**ကချင်ပြည်နယ်စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသည် စက်မှုဇုန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ **ကချင်ပြည်နယ်စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ** ကို အဖွဲ့ဝင် (၁၅) ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | နာယက |
| (ခ) | စီးပွားရေးရာဝန်ကြီး<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ဂ) | ပြည်နယ်ဦးစီးမှူး<br>ကချင်ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်နယ်ဦးစီးမှူး<br>ကချင်ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်နယ်ဦးစီးမှူး<br>ကချင်ပြည်နယ်မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ်ဦးစီးမှူး<br>ကချင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ<br>ကချင်ပြည်နယ်လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဈ) | ပြည်နယ်ဦးစီးမှူး<br>ကချင်ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး (မြို့ပြ)<br>ကချင်ပြည်နယ်လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး (မြို့ပြ)<br>ကချင်ပြည်နယ်မြို့ပြနှင့် အိမ်ရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်နယ်ဦးစီးမှူး<br>ကချင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဥက္ကဋ္ဌ<br>မြစ်ကြီးနားစက်မှုရပ်ကွက် | အဖွဲ့ဝင် |

( ဎ ) ပြည်နယ်အုပ်ချုပ်ရေးမှူး အတွင်းရေးမှူး
ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဏ) ပြည်နယ်ဦးစီးဌာနမှူး တွဲဖက်အတွင်းရေးမှူး
ကချင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

၂။ စက်မှုဇုန်ဥပဒေပုဒ်မ ၇ နှင့် ၁၆ ပါ ပြဋ္ဌာန်းချက်အရ ဒေသဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ၊ ရင်းနှီးတည်ဆောက်သူကဖြစ်စေ၊ စက်မှုဇုန်အသစ်တည်ထောင်ရေးအတွက် တင်ပြလာသည့် အဆိုပြုချက်နှင့်စပ်လျဉ်း၍ သင့်လျော်သည့်နေရာ၊ လိုအပ်သည့်နယ်မြေဧရိယာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက်၊ စီးပွားရေးဆောင်ရွက်ရန် အခြေခံလိုအပ်ချက်များရရှိနိုင်မှုအခြေအနေ၊ စီးပွားရေးတိုးတက်နိုင်မှု အလားအလာနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေတို့ကို စိစစ်သုံးသပ်လျက် သဘောထားမှတ်ချက်များနှင့်တကွ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

( ခ ) စက်မှုဇုန်များ၏ အခြေခံအဆောက်အအုံများ ပြည့်စုံမှုနှင့် လိုအပ်မှု၊ မြေ၊ ရေနှင့် စွမ်းအင်အကျိုးရှိစွာအသုံးချမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားတာဝန်ယူနိုင်မှုတို့အပေါ်သုံးသပ်၍ လိုအပ်သောမူဝါဒများ ချမှတ်နိုင်ရန်အတွက် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

( ဂ ) စက်မှုဇုန်ပြင်ပ၌ လုပ်ကိုင်နေသောစက်မှုလုပ်ငန်းများအား စက်မှုဇုန်သို့ ပြောင်းရွှေ့လုပ်ကိုင်ရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ စက်မှုဇုန်အတွင်း ပြောင်းရွှေ့လုပ်ကိုင်သူများအား အခွင့်အရေးနှင့် သက်သာခွင့်များ ရရှိစေရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ မူဝါဒပိုင်းဆိုင်ရာ တောင်းခံရန် လိုအပ်ပါက ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်ခြင်း၊

(ဃ) စက်မှုဇုန်သစ်များပေါ်ပေါက်စေရန် ဖော်ဆောင်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ခြင်း၊

( င ) တည်ထောင်ပြီး စက်မှုဇုန်များတွင် ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးအစီအစဉ်များအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊

( စ ) တည်ထောင်ပြီးစက်မှုဇုန်များနှင့် စက်မှုဇုန်အသစ်များအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအစီအမံများ ရေးဆွဲတင်ပြခြင်း၊ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်းနှင့် ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူခြင်း၊

(ဆ) တည်ထောင်ပြီးစက်မှုဇုန်များအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များအတွက် အဆောက်အဦများဆောက်လုပ်ရန် နေရာသတ်မှတ်ခြင်း၊ စိစစ်ခြင်းနှင့် အတည်ပြုခြင်း၊

( ဇ ) စက်မှုဇုန်များအတွက် မြေငှားရမ်းမည့်နှစ်ကာလကို သတ်မှတ်ခြင်း၊

(ဈ) စက်မှုဇုန်တွင် ရင်းနှီးမြှုပ်နှံသူများက ပုဒ်မ ၂၄ ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ကိုင်ခွင့်လျှောက်ထားလာပါက သတ်မှတ်ချက်နှင့်အညီ စိစစ်ခွင့်ပြုပေးခြင်း၊

(ည) မြေငှားရမ်းခနှင့် မြေအသုံးပြုခများကို သတ်မှတ်ထုတ်ပြန်ကြေညာနိုင်ရန် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြ၍ ခွင့်ပြုချက်နှင့်အညီ ကောက်ခံခြင်း၊

( ဋ ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဇ) အရ ရရှိသည့်ရငွေများအနက် ဗဟိုကော်မတီက သတ်မှတ်သည့်ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ပေးသွင်းပြီး ကျန်ငွေများကို ရန်ပုံငွေအဖြစ်သတ်မှတ်၍ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

( ဌ ) စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းနိုင်ရန် အစီအမံများချမှတ်ပေးခြင်းနှင့် ယင်းကော်မတီတွင် တာဝန်ထမ်းဆောင်ရန် အရွေးချယ်ခံမည့် ရင်းနှီးမြှုပ်နှံသူများ၏ အရည်အချင်းကို သတ်မှတ်ပေးခြင်း၊

( ဍ ) စီမံခန့်ခွဲရေးကော်မတီများဖွဲ့စည်းခြင်း၊ လုပ်ငန်းများကို အခါအားလျော်စွာ စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာဌာန၊ ကောင်စီအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပေးခြင်း၊

( ဎ ) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲရေးကော်မတီက တင်ပြလာသည့် စီမံကိန်းများကို စိစစ်၍ အတည်ပြုခြင်း၊ စီမံချက်များအားစိစစ်၍ ခွင့်ပြုခြင်း၊

(ဏ) စက်မှုဇုန်အတွင်း အဆောက်အဦဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲရေးကော်မတီ၏ တင်ပြချက်ကို စိစစ်ခွင့်ပြုပေးခြင်း၊

(တ) စီမံခန့်ခွဲရေးကော်မတီမှ တင်ပြလာသည့်စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံနိုင်မည့် လုပ်ငန်းအမျိုးအစား သတ်မှတ်ပေးခြင်း၊

(ထ) စက်မှုဇုန်အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေကို ဗဟိုကော်မတီသို့ (၆) လ (၁) ကြိမ် အစီရင်ခံတင်ပြခြင်း၊

(ဒ) စက်မှုဇုန်အတွင်း ကျူးကျော်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်း များကို ဥပဒေအရ အရေးယူခြင်း၊

(ဓ) လိုအပ်သောကျွမ်းကျင်အလုပ်သမားများရရှိနိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(န) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ မြေကာလတန်ဖိုးသတ်မှတ်ခြင်းနှင့် ဒဏ်ကြေးကောက်ခံခြင်း၊

(ပ) ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်အရွယ်အစား၊ အမျိုးအစားနှင့် အဆင့်အတန်းသတ်မှတ်ခြင်းအား စက်မှုလုပ်ငန်းမူဝါဒနှင့်အညီ အဆိုပြု၍ ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၅)

## ကယားပြည်နယ်စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။　စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသည် စက်မှုဇုန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ **ကယားပြည်နယ်စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေး ကော်မတီ** ကို အဖွဲ့ဝင် (၁၆) ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>ကယားပြည်နယ်အစိုးရအဖွဲ့ | နာယက |
| (ခ) | စီးပွားရေးရာဝန်ကြီး<br>ကယားပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူး<br>ကယားပြည်နယ်အစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဃ) | ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ကယားပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (င) | ပြည်နယ်ဦးစီးမှူး<br>ကယားပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ<br>ကယားပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ်ဦးစီးမှူး<br>ကယားပြည်နယ်မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်နယ်ဦးစီးမှူး<br>ကယားပြည်နယ်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်နယ်အမှုဆောင်အရာရှိ<br>ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ည) | ပြည်နယ်ဦးစီးမှူး<br>ကယားပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်နယ်ဦးစီးမှူး<br>ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |

(ဌ) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကယားပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

(ဍ) လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လွိုင်ကော်ခရိုင်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

(ဎ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
လွိုင်ကော်စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ

(ဏ) ပြည်နယ်အုပ်ချုပ်ရေးမှူး — အတွင်းရေးမှူး
ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(တ) ပြည်နယ်ဦးစီးဌာနမှူး — တွဲဖက်အတွင်းရေးမှူး
ကယားပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

၂။ စက်မှုဇုန်ဥပဒေပုဒ်မ ၇ နှင့် ၁၆ ပါ ပြဋ္ဌာန်းချက်အရ ဒေသဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ၊ ရင်းနှီးတည်ဆောက်သူကဖြစ်စေ၊ စက်မှုဇုန်အသစ်တည်ထောင်ရေးအတွက် တင်ပြလာသည့် အဆိုပြုချက်နှင့်စပ်လျဉ်း၍ သင့်လျော်သည့်နေရာ၊ လိုအပ်သည့်နယ်မြေဧရိယာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက်၊ စီးပွားရေးဆောင်ရွက်ရန် အခြေခံလိုအပ်ချက်များရရှိနိုင်မှုအခြေအနေ၊ စီးပွားရေးတိုးတက်နိုင်မှု အလားအလာနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေတို့ကို စိစစ်သုံးသပ်လျက် သဘောထားမှတ်ချက်များနှင့်တကွ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ခ) စက်မှုဇုန်များ၏ အခြေခံအဆောက်အအုံများ ပြည့်စုံမှုနှင့် လိုအပ်မှု၊ မြေ၊ ရေနှင့် စွမ်းအင်အကျိုးရှိစွာအသုံးချမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားတာဝန်ယူနိုင်မှုတို့အပေါ်သုံးသပ်၍ လိုအပ်သောမူဝါဒများ ချမှတ်နိုင်ရန်အတွက် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဂ) စက်မှုဇုန်ပြင်ပ၌ လုပ်ကိုင်နေသောစက်မှုလုပ်ငန်းများအား စက်မှုဇုန်သို့ ပြောင်းရွှေ့လုပ်ကိုင်ရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ စက်မှုဇုန်အတွင်း ပြောင်းရွှေ့လုပ်ကိုင်သူများအား အခွင့်အရေးနှင့် သက်သာခွင့်များ ရရှိစေရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ မူဝါဒပိုင်းဆိုင်ရာ တောင်းခံရန်လိုအပ်ပါက ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်ခြင်း၊

(ဃ) စက်မှုဇုန်သစ်များပေါ်ပေါက်စေရန် ဖော်ဆောင်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ခြင်း၊

(င) တည်ထောင်ပြီး စက်မှုဇုန်များတွင် ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးအစီအစဉ်များအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊

(စ) တည်ထောင်ပြီးစက်မှုဇုန်များနှင့် စက်မှုဇုန်အသစ်များအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအစီအမံများ ရေးဆွဲတင်ပြခြင်း၊ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်းနှင့် ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူခြင်း၊

(ဆ) တည်ထောင်ပြီးစက်မှုဇုန်များအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များအတွက် အဆောက်အဦများဆောက်လုပ်ရန် နေရာသတ်မှတ်ခြင်း၊ စိစစ်ခြင်းနှင့် အတည်ပြုခြင်း၊

(ဇ) စက်မှုဇုန်များအတွက် မြေငှားရမ်းမည့်နှစ်ကာလကို သတ်မှတ်ခြင်း၊

(ဈ) စက်မှုဇုန်တွင် ရင်းနှီးမြှုပ်နှံသူများက ပုဒ်မ ၂၄ ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ကိုင်ခွင့်လျှောက်ထားလာပါက သတ်မှတ်ချက်နှင့်အညီ စိစစ်ခွင့်ပြုပေးခြင်း၊

(ည) မြေငှားရမ်းခနှင့် မြေအသုံးပြုခများကို သတ်မှတ်ထုတ်ပြန်ကြေညာနိုင်ရန် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြ၍ ခွင့်ပြုချက်နှင့်အညီ ကောက်ခံခြင်း၊

(ဋ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဇ) အရ ရရှိသည့်ရငွေများအနက် ဗဟိုကော်မတီက သတ်မှတ်သည့်ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ပေးသွင်းပြီး ကျန်ငွေများကို ရန်ပုံငွေအဖြစ်သတ်မှတ်၍ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဌ) စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းနိုင်ရန် အစီအမံများချမှတ်ပေးခြင်းနှင့် ယင်းကော်မတီတွင် တာဝန်ထမ်းဆောင်ရန် အရွေးချယ်ခံမည့် ရင်းနှီးမြှုပ်နှံသူများ၏ အရည်အချင်းကို သတ်မှတ်ပေးခြင်း၊

(ဍ) စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းခြင်း၊ လုပ်ငန်းများကို အခါအားလျော်စွာ စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာဌာန၊ ကောင်စီအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပေးခြင်း၊

(ဎ) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲရေးကော်မတီက တင်ပြလာသည့် စီမံကိန်းများကို စိစစ်၍ အတည်ပြုခြင်း၊ စီမံချက်များအားစိစစ်၍ ခွင့်ပြုခြင်း၊

(ဏ) စက်မှုဇုန်အတွင်း အဆောက်အဦဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲရေးကော်မတီ၏ တင်ပြချက်ကို စိစစ်ခွင့်ပြုပေးခြင်း၊

(တ) စီမံခန့်ခွဲရေးကော်မတီမှ တင်ပြလာသည့်စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံနိုင်မည့် လုပ်ငန်းအမျိုးအစား သတ်မှတ်ပေးခြင်း၊

(ထ) စက်မှုဇုန်အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေကို ဗဟိုကော်မတီသို့ (၆) လ (၁) ကြိမ် အစီရင်ခံတင်ပြခြင်း၊

(ဒ) စက်မှုဇုန်အတွင်း ကျူးကျော်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်းများကို ဥပဒေအရ အရေးယူခြင်း၊

(ဓ) လိုအပ်သောကျွမ်းကျင်အလုပ်သမားများရရှိနိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် သင်တန်းများ ဖွင့်လှစ်၍ လေ့ကျင့်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(န) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ မြေကာလတန်ဖိုးသတ်မှတ်ခြင်းနှင့် ဒဏ်ကြေးကောက်ခံခြင်း၊

(ပ) ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်အရွယ်အစား၊ အမျိုးအစားနှင့် အဆင့်အတန်းသတ်မှတ်ခြင်းအား စက်မှုလုပ်ငန်းမူဝါဒနှင့်အညီ အဆိုပြု၍ ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း။

ဥက္ကဋ္ဌ
စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားမြေအသုံးချမှုကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

## ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် မြေအသုံးချမှုကော်မတီများဖွဲ့စည်းခြင်း

၁။ အမျိုးသားမြေအသုံးချမှုကောင်စီသည် မြေသယံဇာတအရင်းအမြစ်များကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးနှင့် ပြည်သူအများမြေယာလုပ်ပိုင်ခွင့် ခိုင်မာရေးတို့အတွက် အမျိုးသားမြေဥပဒေရေးဆွဲခြင်း အပါအဝင် အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရေး အမျိုးသား မြေအသုံးချမှုမူဝါဒလမ်းညွှန်ချက်များနှင့်အညီ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် မြေအသုံးချမှုကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **ပြည်ထောင်စုနယ်မြေ (နေပြည်တော်) မြေအသုံးချမှုကော်မတီ**

| | | |
|---|---|---|
| (၁) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) | အဖွဲ့ဝင် (၁)<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၃) | အဖွဲ့ဝင် (၂)<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၄) | အဖွဲ့ဝင် (၃)<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၅) | အဖွဲ့ဝင် (၄)<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၆) | အုပ်ချုပ်ရေးမှူး<br>နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူး<br>နေပြည်တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဌာနမှူး<br>မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူး<br>နေပြည်တော် စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူး<br>နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူး<br>နေပြည်တော် လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ခရိုင်ဥပဒေအရာရှိ<br>ဒက္ခိဏခရိုင်ဥပဒေရုံး | အဖွဲ့ဝင် |
| (၁၃) | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | လက်ထောက်အထွေထွေမန်နေဂျာ<br>နေပြည်တော် သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၅) | တောင်သူလယ်သမား ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၁၆) | ဒေသခံတိုင်းရင်းသား ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၁၇) | အမျိုးသမီး ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၁၈) | ရပ်မိရပ်ဖ ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၁၉) | ကျွမ်းကျင်သူ ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၂၀) | ညွှန်ကြားရေးမှူး<br>နေပြည်တော် သစ်တောဦးစီးဌာန | အတွင်းရေးမှူး |
| (၂၁) | ညွှန်ကြားရေးမှူး<br>နေပြည်တော် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

( ခ ) **တိုင်းဒေသကြီး/ ပြည်နယ် မြေအသုံးချမှုကော်မတီ**

**(ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်)**

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | ဝန်ကြီး<br>တိုင်းဒေသကြီး/ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဝန်ကြီး<br>တိုင်းဒေသကြီး/ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၄) | ဝန်ကြီး<br>တိုင်းဒေသကြီး/ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဝန်ကြီး<br>တိုင်းဒေသကြီး/ ပြည်နယ် သယံဇာတရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဥပဒေချုပ်<br>တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (၇) | အုပ်ချုပ်ရေးမှူး<br>တိုင်းဒေသကြီး/ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ ပြည်နယ် သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ ပြည်နယ် လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၅) | တောင်သူလယ်သမား ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၁၆) | ဒေသခံတိုင်းရင်းသား ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၁၇) | အမျိုးသမီး ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၁၈) | ရပ်မိရပ်ဖ ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၁၉) | ကျွမ်းကျင်သူ ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၂၀) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာန | အတွင်းရေးမှူး |
| (၂၁) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ ပြည်နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ဂ) **မန္တလေးတိုင်းဒေသကြီး မြေအသုံးချမှုကော်မတီ**

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | ဝန်ကြီး<br>တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဝန်ကြီး<br>တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဝန်ကြီး<br>တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၅) | ဝန်ကြီး<br>တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဥပဒေချုပ်<br>တိုင်းဒေသကြီး ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (၇) | အုပ်ချုပ်ရေးမှူး<br>တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဌာနမှူး<br>မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၅) | တောင်သူလယ်သမား ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၁၆) | ဒေသခံတိုင်းရင်းသား ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၁၇) | အမျိုးသမီး ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၁၈) | ရပ်မိရပ်ဖ ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၁၉) | ကျွမ်းကျင်သူ ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၂၀) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး သစ်တောဦးစီးဌာန | အတွင်းရေးမှူး |
| (၂၁) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ဃ) **ရခိုင်ပြည်နယ် မြေအသုံးချမှုကော်မတီ**

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ်<br>ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | ဝန်ကြီး<br>ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဝန်ကြီး<br>ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဝန်ကြီး<br>ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဝန်ကြီး<br>ပြည်နယ် သယံဇာတရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

(၆) ဥပဒေချုပ် — အဖွဲ့ဝင်
ပြည်နယ် ဥပဒေချုပ်ရုံး

(၇) အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၈) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(၉) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ် စည်ပင်သာယာရေးအဖွဲ့

(၁၀) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(၁၁) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန

(၁၂) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

(၁၃) လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ် သတ္တုတွင်းဦးစီးဌာန

(၁၄) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ် လမ်းဦးစီးဌာန

(၁၅) တောင်သူလယ်သမား ကိုယ်စားလှယ် (၂) ဦး — အဖွဲ့ဝင်

(၁၆) ဒေသခံတိုင်းရင်းသား ကိုယ်စားလှယ် (၂) ဦး — အဖွဲ့ဝင်

(၁၇) အမျိုးသမီး ကိုယ်စားလှယ် (၂) ဦး — အဖွဲ့ဝင်

(၁၈) ရပ်မိရပ်ဖ ကိုယ်စားလှယ် (၂) ဦး — အဖွဲ့ဝင်

(၁၉) ကျွမ်းကျင်သူ ကိုယ်စားလှယ် (၂) ဦး — အဖွဲ့ဝင်

(၂၀) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ပြည်နယ် သစ်တောဦးစီးဌာန

(၂၁) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
ပြည်နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

( င ) **ရန်ကုန်တိုင်းဒေသကြီး မြေအသုံးချမှုကော်မတီ**

(၁) ဝန်ကြီးချုပ် — ဥက္ကဋ္ဌ
တိုင်းဒေသကြီးအစိုးရအဖွဲ့

(၂) ဝန်ကြီး — အဖွဲ့ဝင်
တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန

(၃) ဝန်ကြီး — အဖွဲ့ဝင်
တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန

(၄) ဝန်ကြီး — အဖွဲ့ဝင်
တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးဌာန

(၅) ဝန်ကြီး — အဖွဲ့ဝင်
တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးဌာန

(၆) ဥပဒေချုပ် — အဖွဲ့ဝင်
တိုင်းဒေသကြီး ဥပဒေချုပ်ရုံး

(၇) အုပ်ချုပ်ရေးမှူး
တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၈) ညွှန်ကြားရေးမှူး
တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

(၉) ဌာနမှူး
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(၁၀) ညွှန်ကြားရေးမှူး
တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၁) ညွှန်ကြားရေးမှူး
တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၂) ညွှန်ကြားရေးမှူး
တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၃) ညွှန်ကြားရေးမှူး
တိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန — အဖွဲ့ဝင်

(၁၄) ညွှန်ကြားရေးမှူး
တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၅) ညွှန်ကြားရေးမှူး
တိုင်းဒေသကြီး လမ်းဦးစီးဌာန — အဖွဲ့ဝင်

(၁၆) တောင်သူလယ်သမား ကိုယ်စားလှယ် (၂) ဦး — အဖွဲ့ဝင်

(၁၇) ဒေသခံတိုင်းရင်းသား ကိုယ်စားလှယ် (၂) ဦး — အဖွဲ့ဝင်

(၁၈) အမျိုးသမီး ကိုယ်စားလှယ် (၂) ဦး — အဖွဲ့ဝင်

(၁၉) ရပ်မိရပ်ဖ ကိုယ်စားလှယ် (၂) ဦး — အဖွဲ့ဝင်

(၂၀) ကျွမ်းကျင်သူ ကိုယ်စားလှယ် (၂) ဦး — အဖွဲ့ဝင်

(၂၁) ညွှန်ကြားရေးမှူး
တိုင်းဒေသကြီး သစ်တောဦးစီးဌာန — အတွင်းရေးမှူး

(၂၂) ညွှန်ကြားရေးမှူး
တိုင်းဒေသကြီး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

**( ၈ ) ဧရာဝတီတိုင်းဒေသကြီး မြေအသုံးချမှုကော်မတီ**

(၁) ဝန်ကြီးချုပ်
တိုင်းဒေသကြီးအစိုးရအဖွဲ့ — ဥက္ကဋ္ဌ

(၂) ဝန်ကြီး
တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(၃) ဝန်ကြီး
တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၄) ဝန်ကြီး
တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(၅) ဝန်ကြီး
တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| (၆) | ဥပဒေချုပ်<br>တိုင်းဒေသကြီး ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (၇) | အုပ်ချုပ်ရေးမှူး<br>တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဒုတိယညွှန်ကြားရေးမှူး<br>ဆားလုပ်ငန်းဌာနခွဲ<br>တိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၅) | တောင်သူလယ်သမား ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၁၆) | ဒေသခံတိုင်းရင်းသား ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၁၇) | အမျိုးသမီး ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၁၈) | ရပ်မိရပ်ဖ ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၁၉) | ကျွမ်းကျင်သူ ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (၂၀) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး သစ်တောဦးစီးဌာန | အတွင်းရေးမှူး |
| (၂၁) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် မြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ခရိုင်၊ မြို့နယ်တို့၏ မြေအသုံးချမှုကော်မတီများ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ခ) အမျိုးသားမြေအသုံးချမှု မူဝါဒပါမြေယာစီမံခန့်ခွဲခြင်းအတွက် လက်ရှိဖွဲ့စည်းဆောင်ရွက်လျက်ရှိသော အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများက ဌာန (သို့) အဖွဲ့အစည်း တစ်ခုချင်းသော်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကော်မတီအလိုက်သော်လည်းကောင်း တာဝန်ယူဆောင်ရွက်နေသည့် မြေအသုံးချမှုနှင့် မြေယာစီမံခန့်ခွဲမှုဆိုင်ရာ အောက်ပါလုပ်ငန်းများအား စောင့်ကြပ်ကြည့်ရှုခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ စီမံခန့်ခွဲခြင်းစသည်တို့ကို လိုအပ်သလို ဆောင်ရွက်ရန်–

(၁) တိကျသောစံနှုန်းများကို အခြေခံသည့် မြေအမျိုးအစား၊ မြေအတန်းအစားခွဲခြားခြင်းနှင့် ဆုံးဖြတ်နိုင်သည့်စနစ် ထားရှိကျင့်သုံးခြင်းဆိုင်ရာကိစ္စများ၊

(၂) သစ်တောမြေ၊ စိုက်ပျိုးမြေ၊ မွေးမြူရေးနယ်မြေ၊ အပန်းဖြေစခန်း မြေနေရာများအား မြေအသုံးချမှုစီမံကိန်းရေးဆွဲခြင်းနှင့် မြေပုံရေးဆွဲခြင်းဆိုင်ရာကိစ္စများ၊

(၃) မြို့မြေ၊ ရွာမြေ၊ စက်မှုလုပ်ငန်းမြေ စသည်ဖြင့် ကဏ္ဍအလိုက် မြို့ပြမြေယာတိုးချဲ့ခြင်း၊ ခွဲဝေအသုံးချခြင်းဆိုင်ရာကိစ္စများ၊

(၄) မြေသိမ်းခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်နေရာချထားခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ပြန်လည်အစားထိုး ဖြည့်ဆည်းပေးခြင်းဆိုင်ရာကိစ္စများ၊

(၅) မြေနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများ ဖြေရှင်းဆုံးဖြတ်ခြင်းနှင့် အယူခံဝင်ခြင်းဆိုင်ရာကိစ္စများ၊

(၆) တိုင်းရင်းသားလူမျိုးများ၏ မြေအသုံးချမှုဆိုင်ရာ၊ အခွင့်အရေးဆိုင်ရာကိစ္စများ၊

(၇) အိမ်ရာမဲ့များနှင့် မြေယာမဲ့ပြည်သူများအား အိမ်ရာနှင့် မြေခွဲဝေအသုံးပြုပေးနိုင်ရေးအတွက် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းရန်ကိစ္စများ။

( ဂ ) တိုင်းဒေသကြီး/ ပြည်နယ်၏ အကျိုးစီးပွားအလို့ငှာ ရေရှည်တည်တံ့စေမည့် မြေအသုံးချမှုစီမံခန့်ခွဲရေး၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအား ထိန်းသိမ်းကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနအသီးသီး၏ တည်ဆဲမြေနှင့် သက်ဆိုင်သည့်မှတ်တမ်းများ၊ မြေပုံများနှင့် မှတ်ပုံတင်စနစ်များကို တစ်ပြေးညီဖြစ်စေရန်အတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် သတင်းအချက်အလက် မျှဝေခြင်းများ ဆောင်ရွက်ရန်၊

( င ) မြေအသုံးချမှုစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အသုံးချမည့် မြေပမာဏလျာထားဆုံးဖြတ်ရာတွင် တိကျမှန်ကန်သည့် သတင်းအချက်အလက်ကို အကျိုးသက်ဆိုင်သူများအား ပွင့်လင်းမြင်သာစွာရှိစေရေး ဆောင်ရွက်ရန်၊

( စ ) အမျိုးသားမြေအသုံးချမှုကောင်စီ၏ လမ်းညွှန်မှုဖြင့် မြေယာစီမံခန့်ခွဲရေးဆိုင်ရာ အခြားတာဝန်များကို ဆောင်ရွက်ရန်၊

(ဆ) ကော်မတီကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်ပါက အမျိုးသားမြေအသုံးချမှုကောင်စီသို့ သုံးသပ်အကြံပြုချက်များ တင်ပြဆောင်ရွက်ရန်။

## အမိန့်ကြော်ငြာစာအမှတ် (၀၃/၂၀၂၅)

## မြေအသုံးချမှု စီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ အမျိုးသားမြေအသုံးချမှုကောင်စီသည် မြေအသုံးချမှုစီမံကိန်းများ၊ မြေအသုံးချမှုဇုန်များ စနစ်တကျရေးဆွဲအသုံးပြုနိုင်ရန်အတွက် မြေအသုံးချမှုစီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီအား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

( ခ ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

( ဂ ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

( င ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

( စ ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဋ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဌ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သံတမန်ရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဎ) ဦးလှမြင့် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်
မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း
(ရန်ကုန်တိုင်းဒေသကြီး)
အရပ်ဘက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်

(ဏ) ဦးခင်မောင်ဗိုလ် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ငြိမ်း)၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
ဥက္ကဋ္ဌ၊ ကြေးတိုင်နှင့် မြေစာရင်းမိသားစုလူမှုရေးအသင်းရန်ကုန်မြို့
အရပ်ဘက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်

(တ) ဦးဝင်းမြင့် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်းနှင့် စာရင်းအင်းဌာန)
သစ်တောဦးစီးဌာန
အရပ်ဘက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်

(ထ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၁)
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၂)
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ မြေအသုံးချမှု စီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားမြေအသုံးချမှုကောင်စီ၏အမျိုးသားမြေအသုံးချမှုစီမံကိန်းရေးဆွဲရေးဆိုင်ရာဆုံးဖြတ်ချက်များ၊ လုပ်ငန်းများကို အမျိုးသားမြေအသုံးချမှုမူဝါဒ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ခြင်း၊

(ခ) အမျိုးသားမြေအသုံးချမှုမူဝါဒ၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ အမျိုးသားမြေအသုံးချမှုစီမံကိန်းများကို တစ်နိုင်ငံလုံးအတွက် အသစ်ရေးဆွဲခြင်း၊ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လမ်းညွှန်မှုများ၊ မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း၊

(ဂ) ခရိုင်အဆင့် မြေအသုံးချမှုစီမံကိန်းများ၊ မြေအသုံးချမှုဇုန်များ ရေးဆွဲသည့် ရှေ့ပြေးစီမံကိန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ယင်းအတွေ့အကြုံသင်ခန်းစာတို့မှ ခရိုင်အဆင့် မြေအသုံးချမှုစီမံကိန်းများရေးဆွဲခြင်း၊ မြေအသုံးချမှု ဇုန်များသတ်မှတ်ခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ ရေးဆွဲပြုစုခြင်း၊ ယင်းကဲ့သို့ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များပြုစုရာတွင် မြေအသုံးချမှုဝါဒ စာပိုဒ် (၂၁) ပါ အောက်ဖော်ပြပါ အချက်များကို ပါဝင်စေခြင်း-

(၁) မြေအသုံးချမှုစီမံကိန်းမှတ်တမ်းများကို အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ ရယူသုံးစွဲခွင့်ပေးခြင်း၊

(၂) ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့် ဒေသဆိုင်ရာအဆင့် မြေအသုံးချမှုစီမံကိန်းများကို စုစည်းအကောင်အထည်ဖော်ခြင်း၊

(၃) မြို့ပြနှင့် ကျေးလက်မြေအသုံးချမှု စီမံကိန်းများ ရေးဆွဲရာတွင် "အောက်ခြေမှ အထက်သို့" တင်ပြသည့်နည်းလမ်းကို အသုံးပြုခြင်း၊

(၄) လက်ရှိမြေလုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုခြင်းနှင့် လက်ရှိမြေအသုံးချမှု ပြောင်းလဲခြင်းတို့အတွက် ဘက်လိုက်မှုမရှိဘဲ ပွင့်လင်းမြင်သာစွာ ဆုံးဖြတ်ခြင်း၊

(၅) အများပြည်သူ ပါဝင်သည့် မြေအသုံးချမှုစီမံကိန်းရေးဆွဲရာတွင် မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာ အုပ်စု သို့မဟုတ် ကျေးရွာအဆင့်ရှိ အများပြည်သူသို့ ကြိုတင်အသိပေးခြင်းနှင့် သဘောတူညီချက် ရယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အသုံးပြုခြင်း၊

(၆) မြေအသုံးချမှုစီမံကိန်းများ ရေးဆွဲရာတွင် အထောက်အထားများကို အခြေခံသည့် ဂြိုဟ်တုပုံရိပ်နှင့် ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်နည်းပညာအပါအဝင် သင့်လျော်သော နည်းပညာများကို ထည့်သွင်းအသုံးပြုခြင်း၊

(၇) မြေအမျိုးအစား သို့မဟုတ် မြေအတန်းအစားပြောင်းလဲလိုသည့် နေရာများတွင် ယခင်နှင့် လက်ရှိမြေအသုံးပြုမှုနှင့် မြေလုပ်ပိုင်ခွင့်များကို ထည့်သွင်းစဉ်းစား၍ ပြောင်းလဲသတ်မှတ်ခြင်း၊

(၈) မြေအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးကို အားပေးရန်အလို့ငှာ စိုက်ပျိုးရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးဇုန်များကို စနစ်တကျဖွံ့စည်းသတ်မှတ်ခြင်း၊

(၉) စားဝတ်နေမှုဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝတည်ငြိမ်ရေးနှင့် မြေကျူးကျော်မှုကို စီမံခန့်ခွဲနိုင်ရေး အတွက် မြေမဲ့ယာမဲ့ပြည်သူများအား မြေခွဲဝေချထားနိုင်ရန် အရန်မြေနေရာ သတ်မှတ်ဆောင်ရွက် ပေးခြင်း၊

(၁၀) လူ့ဘောင်အဖွဲ့အစည်း၏ အချိန်ကာလအလျောက်ဖြစ်ပေါ်သော ပြောင်းလဲမှုလိုအပ်ချက်များနှင့် ဦးစားပေးလုပ်ငန်းများကို ထင်ဟပ်စေရန် မြေအသုံးချမှုစီမံကိန်းများကို လိုအပ်သလို ပြင်ဆင်ခြင်း၊

(၁၁) မြေအသုံးချမှုဆိုင်ရာ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ နိုင်ငံသားများက ဆွေးနွေးခွင့်ရရှိနိုင်ရန် အကျိုးရှိပြီး ထိရောက်သောလုပ်ငန်းစဉ်များ တည်ထောင်ပေးခြင်း။

(င) အမျိုးသားအဆင့် မြေအသုံးချမှုစီမံကိန်း၊ ခရိုင်အဆင့် မြေအသုံးချမှုစီမံကိန်းနှင့် မြေအသုံးချမှုဇုန်များ ရေးဆွဲအကောင်အထည်ဖော်နေမှုများကို လိုအပ်သလို ညှိနှိုင်းပေါင်းစပ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ လိုအပ်သည့်လမ်းညွှန်မှုများ ပေးအပ်ခြင်း၊ လိုအပ်သည့်လမ်းညွှန်မှုများ ပေးအပ်နိုင်ရန် အမျိုးသားမြေ အသုံးချမှုကောင်စီသို့ အချိန်နှင့် တစ်ပြေးညီအခြေအနေကို အကြံပြုချက်များဖြင့် သုံးသပ်တင်ပြခြင်း၊

(စ) အမျိုးသားမြေအသုံးချမှုကောင်စီ အစည်းအဝေးများတွင်လည်းကောင်း၊ လုပ်ငန်းကော်မတီများ၏ အစည်းအဝေးများတွင်လည်းကောင်း တိုးတက်မှု၊ စိန်ခေါ်မှုအနေအထားများကို ပြန်လည်တင်ပြ ဆွေးနွေးခြင်း၊ ၆ လပတ်နှင့် နှစ်ချုပ်အစီရင်ခံစာများကို အချိန်နှင့် တစ်ပြေးညီ ရေးသားပြုစုတင်ပြခြင်းဖြင့် အမျိုးသားမြေအသုံးချမှုကောင်စီ၏ နှစ်ချုပ်အစီရင်ခံစာရေးသားတင်ပြမှုကို ပံ့ပိုးခြင်း၊

(ဆ) အမျိုးသားမြေအသုံးချမှုစီမံကိန်း၊ ခရိုင်အဆင့် မြေအသုံးချမှုစီမံကိန်းနှင့် မြေအသုံးချမှုဇုန်များ ရေးဆွဲသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အမျိုးသားမြေအသုံးချမှုကောင်စီနည်းပညာဆိုင်ရာ အကြံပေး အဖွဲ့အား လိုအပ်သည့် နည်းပညာလမ်းညွှန်မှုများပေးအပ်နိုင်ရန် တင်ပြခြင်း၊ တိုင်ပင်နှီးနှောခြင်း၊ အတူတကွပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) အမျိုးသားမြေအသုံးချမှုစီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၏ အဖွဲ့ဝင်များ အဖြစ် ရွေးချယ်ရာတွင် ပြင်ပပညာရှင်၊ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များကို အမျိုးသားမြေအသုံးချမှုကောင်စီ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ခြင်း၊

(ဈ) အမျိုးသားမြေအသုံးချမှုစီမံကိန်းရေးဆွဲရေးနှင့် ညှိနှိုင်းပေါင်းစပ်ရေးလုပ်ငန်းကော်မတီကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်ပါက အမျိုးသားမြေအသုံးချမှုကောင်စီသို့ သုံးသပ်အကြံပြုချက်များ တင်ပြဆောင်ရွက်ခြင်း၊

(ည) အမျိုးသားမြေအသုံးချမှုကောင်စီက ပေးအပ်သော အမျိုးသားမြေအသုံးချမှုစီမံကိန်းရေးဆွဲရေးဆိုင်ရာ အခြားလုပ်ငန်းများအား ဆောင်ရွက်ခြင်း။

ဥက္ကဋ္ဌ
အမျိုးသားမြေအသုံးချမှုကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားစံချိန်စံညွှန်းကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၀၈၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

**မြန်မာစံချိန်စံညွှန်းအမှတ်တံဆိပ် (MMS Standard Mark) သတ်မှတ်ခြင်း**

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ထုတ်ကုန်အား သက်ဆိုင်ရာမြန်မာစံချိန်စံညွှန်းနှင့်အညီ ကိုက်ညီစွာဆောင်ရွက်ထားကြောင်း အရည်အသွေးထောက်ခံချက်ပေးရန်အတွက် အောက်ဖော်ပြပါ မြန်မာစံချိန်စံညွှန်းအမှတ်တံဆိပ် (MMS Standard Mark) နှစ်မျိုးကို သတ်မှတ်လိုက်သည်-

၁။ ဆန္ဒအလျောက်လိုက်နာနိုင်သော ထုတ်ကုန်များအတွက် မြန်မာစံချိန်စံညွှန်းအမှတ်တံဆိပ် (Voluntary Standard Mark)

Certified to: MMS XXXX: YYYY
Certification No: ZZZZ
License No: AAAA

၂။ မဖြစ်မနေလိုက်နာရမည့် ထုတ်ကုန်များအတွက် မြန်မာစံချိန်စံညွှန်းအမှတ်တံဆိပ် (Mandatory Standard Mark)

Certified to: MMS XXXX: YYYY
Certification No: ZZZZ
License No: AAAA

ဒေါက်တာ မျိုးသိန်းကျော်
ဥက္ကဋ္ဌ
အမျိုးသားစံချိန်စံညွှန်းကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

၁။ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာနနှင့် အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများ၊ စက်နှင့်စက်ပစ္စည်းများနှင့်

ရုံးသုံးပရိဘောဂများ ဝယ်ယူရာတွင် အရည်အသွေးပြည့်မီသော အဆောက်အဦ စက်ပစ္စည်းများရရှိရေးအတွက် **တင်ဒါကော်မတီ** အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးအောင်ကျော်မိုး | ညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
| ( ခ ) | ဒေါက်တာ တင်ဖုန်းကျော် | စီမံကိန်းဒါရိုက်တာ | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဦးမင်းညိုဝင်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (ဃ) | ဦးညီညီအောင်စိုး | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| ( င ) | ဦးအောင်နိုင်ဦး | စီမံကိန်းမန်နေဂျာ | အဖွဲ့ဝင် |
| ( စ ) | ဦးညိုမြင့်အောင် | စီမံကိန်းမန်နေဂျာ | အဖွဲ့ဝင် |
| (ဆ) | ဦးဇော်မင်းဟိန်း | လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| ( ဇ ) | ဦးသော်ထွဋ်မြင့်အောင် | လက်ထောက်ကထိက | အဖွဲ့ဝင် |
| ( ဈ ) | ဦးကျော်စည်သူ | စီမံကိန်းမန်နေဂျာ (ဘဏ္ဍာ) | အဖွဲ့ဝင် |
| (ည) | ဦးအောင်မျိုး | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |
| ( ဋ ) | ဒေါက်တာ သန့်ဇင်အောင် | စီမံကိန်းအထွေထွေမန်နေဂျာ | တွဲဖက်အတွင်းရေးမှူး |

၂။ တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များအား အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) ကျပ် ၂၀ သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန် မလိုအပ်ဘဲ တင်ဒါကော်မတီအနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာ တောင်းခံပြီး ဈေးနှုန်းအနည်းဆုံး တင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း၊

( ခ ) ကျပ် ၂၀ သန်းမှ ကျပ်သန်း ၂၀၀ အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၇) ရက် ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း၊

( ဂ ) ကျပ်သန်း ၂၀၀ အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄) ရက် ကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁၄) ရက် ကြိုတင်ကြော်ငြာနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) ဝယ်ယူခြင်းအတွက် ကန့်သတ်မှုမရှိသော တင်ဒါခေါ်ယူရာတွင် အရည်အသွေးပြည့်မီသောတင်ဒါများ ခေါ်ယူ၍ မရရှိနိုင်ခြင်းနှင့် တင်ဒါတင်သွင်းသူ အရေအတွက်မှာ အကန့်အသတ်ရှိခြင်း၊

( င ) အရေအတွက်များပြားသော တင်ဒါများအား စိစစ်အကဲဖြတ်ရာတွင် ကြာမြင့်မည့်အချိန်နှင့် ကုန်ကျစရိတ်သည် ဝယ်ယူခြင်း၏ တန်ဖိုးနှင့် နှိုင်းယှဉ်လျှင် အချိုးအစားမမျှတခြင်း၊

( စ ) အများပြည်သူလုံခြုံရေးနှင့် သက်ဆိုင်သည့်အခြေအနေအရ ကြော်ငြာရန်မဖြစ်နိုင်ခြင်း၊

(ဆ) အများပြည်သူဘေးကင်းလုံခြုံမှုအတွက် အရေးပါပြီး နည်းပညာမြင့်မားသည့် နိုင်ငံတော်ပိုင် တည်ဆောက်ရေးလုပ်ငန်းကြီးများ၊ သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေတွင် ချက်ချင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သည့် သီးခြားကိစ္စရပ်များဖြစ်ခြင်း၊

( ဇ ) တင်ဒါကော်မတီသည် ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီဖြစ်သော ကော်မတီ (၃) ခုအား တာဝန်များ ခွဲဝေသတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ရမည်၊

( ဈ ) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(ည) အထက်ပါ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းဆောင်ရွက်ချက်အဆင့်ဆင့်ကို အနီးစပ်ဆုံးကျင်းပသည့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄)၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဋ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(ဌ) တင်ဒါကော်မတီက ရွေးချယ်သည့်ကုမ္ပဏီနှင့် ဝန်ဆောင်မှုရယူသည့်/ပစ္စည်းဝယ်ယူသည့် ဌာနတို့ စာချုပ်ချုပ်ဆိုပြီးနောက် တင်သွင်းလာသည့် ဝန်ဆောင်မှုပစ္စည်းများကို စာချုပ်ပါအချက်အလက်များနှင့် ကိုက်ညီမှန်ကန်မှု ရှိ မရှိ အရည်အသွေးစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ စစ်ဆေးစေခြင်း၊

(ဍ) အဆောက်အဦများ ဆောက်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်က သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဎ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါ အချက်များ၊ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း၊

(ဏ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်၊ နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ရမည်၊

(တ) နမူနာတောင်းခံရန် လိုအပ်သည့်ပစ္စည်းများဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ထ) နည်းပညာအရ မြင့်မားပြီးရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများသတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ရခြင်း၊

(ဒ) တင်ဒါလုပ်ငန်းစဉ်များအား ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

၃။ နိုင်ငံပိုင်ပစ္စည်းများအား ဝယ်ယူနိုင်ရေးအတွက် **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဒေါ်နှင်းခက်စိမ်း | ဒုတိယညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (ခ) | ဦးညီမြင့်အောင် | စီမံကိန်းမန်နေဂျာ (စီမံ) | ဒုဥက္ကဋ္ဌ |
| (ဂ) | ဦးသန်းဇော်ဦး | လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ခင်မာဝင်း | လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (င) | ဦးရန်နိုင်စိုး | လက်ထောက်ကထိက | အဖွဲ့ဝင် |
| (စ) | ဦးလူစစ်မောင် | လက်ထောက်ကထိက | အဖွဲ့ဝင် |
| (ဆ) | ဦးတေဇာလင်း | လက်ထောက်ကထိက | အဖွဲ့ဝင် |
| (ဇ) | ဒေါ်မြသီတာဦး | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| (ဈ) | ဦးနေသုန်းထင် | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| (ည) | ဦးရဲရင့် | လက်ထောက်ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |
| (ဋ) | ဦးငြိမ်းချမ်း | လက်ထောက်ကထိက | တွဲဖက်အတွင်းရေးမှူး |

၄။ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များအား အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) ဝယ်ယူမည့်ပစ္စည်း၊ ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

(ခ) လိုအပ်သောပစ္စည်း၏ အရည်အသွေး၊ အမျိုးအစား၊ အသုံးပြုမည့် ရည်ရွယ်ချက် စသည်တို့နှင့် လိုက်လျောညီထွေသည့် နမူနာပုံစံ၊ ဒီဇိုင်း၊ နမူနာပစ္စည်းစသည်တို့ကို ပြင်ဆင်ခြင်း၊ ရွေးချယ်ခြင်း၊ ရေးဆွဲခြင်း၊

(ဂ) လိုအပ်သောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိထားသောနမူနာပစ္စည်း အမျိုးအစားအလိုက် ဒေသဈေးနှုန်းများစုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်းအရည်အသွေးနှင့် ကိုက်ညီမည့် ကြမ်းခင်းဈေး သတ်မှတ်ခြင်း၊

(ဃ) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

( င ) တင်ဒါဖွင့်ဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းပြီး ကြမ်းခင်းဈေးအပေါ်မူတည်ကာ ဈေးနှုန်းစိစစ်အကဲဖြတ်၍ တင်ဒါကော်မတီသို့ တင်ပြခြင်း၊

( စ ) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၅။ နိုင်ငံပိုင်ပစ္စည်းများအား ဝယ်ယူနိုင်ရေးအတွက် **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးကျော်ကျော် | ဒုတိယညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| ( ခ ) | ဒေါက်တာ ကျော်ထွန်းလင်း | စီမံကိန်းမန်နေဂျာ | ဒုဥက္ကဋ္ဌ |
| ( ဂ ) | ဦးဇော်မင်းဟိန်း | လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာ ဟိန်းထွန်း | လက်ထောက်ကထိက | အဖွဲ့ဝင် |
| ( င ) | ဒေါက်တာ ကျော်ကျော်လင်း | လက်ထောက်ကထိက | အဖွဲ့ဝင် |
| ( စ ) | ဒေါက်တာ ဇော်မင်းခိုင် | လက်ထောက်ကထိက | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာ ဘလှသန်း | လက်ထောက်ကထိက | အဖွဲ့ဝင် |
| ( ဇ ) | ဦးဖြိုးသီဟ | လက်ထောက်ကထိက | အဖွဲ့ဝင် |
| ( ဈ ) | ဦးရဲဝင်းထွန်း | လက်ထောက်ကထိက | အဖွဲ့ဝင် |
| (ည) | ဒေါ်ဟေမာထွန်း | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| ( ဋ ) | ဒေါ်သိမ့်သိမ့်ဇော် | လက်ထောက်ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |
| ( ဌ ) | ဦးဇော်မျိုးထက် | စီမံကိန်းမန်နေဂျာ | တွဲဖက်အတွင်းရေးမှူး |

၆။ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များအား အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) ကျပ် ၂၀ သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန် မလိုအပ်ဘဲ တင်ဒါကော်မတီအနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာ တောင်းခံပြီး ဈေးနှုန်းအနည်းဆုံး တင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း၊

( ခ ) ကျပ် ၂၀ သန်းမှ ကျပ်သန်း ၂၀၀ အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၇) ရက် ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း၊

( ဂ ) ကျပ်သန်း ၂၀၀ အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄) ရက် ကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁၄) ရက် ကြိုတင်ကြော်ငြာနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) ဝယ်ယူခြင်းအတွက် ကန့်သတ်မှုမရှိသော တင်ဒါခေါ်ယူရာတွင် အရည်အသွေးပြည့်မီသောတင်ဒါများ ခေါ်ယူ၍ မရရှိနိုင်ခြင်းနှင့် တင်ဒါတင်သွင်းသူ အရေအတွက်မှာ အကန့်အသတ်ရှိခြင်း၊

( င ) အရေအတွက်များပြားသော တင်ဒါများအား စိစစ်အကဲဖြတ်ရာတွင် ကြာမြင့်မည့်အချိန်နှင့် ကုန်ကျစရိတ်သည် ဝယ်ယူခြင်း၏ တန်ဖိုးနှင့် နှိုင်းယှဉ်လျှင် အချိုးအစားမမျှတခြင်း၊

( စ ) အများပြည်သူလုံခြုံရေးနှင့် သက်ဆိုင်သည့်အခြေအနေအရ ကြော်ငြာရန်မဖြစ်နိုင်ခြင်း၊

(ဆ) အများပြည်သူဘေးကင်းလုံခြုံမှုအတွက် အရေးပါပြီး နည်းပညာမြင့်မားသည့် နိုင်ငံတော်ပိုင် တည်ဆောက်ရေးလုပ်ငန်းကြီးများ၊ သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေတွင် ချက်ချင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်သည့် သီးခြားကိစ္စရပ်များဖြစ်ခြင်း၊

(ဇ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ရောင်းချခြင်း၊

(ဈ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်ပေးခြင်း၊

(ည) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ဋ) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

(ဌ) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဍ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိနှင့် သက်ဆိုင်ရာဌာန များတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ ထည့်သွင်းစဉ်းစားစိစစ်ခြင်း၊

(ဎ) အဆိုပြုတင်သွင်းထားသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် အမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(ဏ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်းအများအလိုက် မှတ်တမ်းပြုစုထားခြင်း၊

(တ) တင်သွင်းရန် အဆိုပြုသည့် ပစ္စည်းအမျိုးအစားနှင့်ပတ်သက်၍ ခိုင်မာသည့် အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(ထ) တင်ဒါကော်မတီက ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

၇။ နိုင်ငံပိုင်ပစ္စည်းများအား ဝယ်ယူရာတွင် တင်သွင်းမည့် ပစ္စည်းအရည်အသွေးများအား စစ်ဆေးရေးနှင့် လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးအောင်မျိုး | ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (ခ) | ဦးဇော်မျိုးထွန်း | စီမံကိန်းမန်နေဂျာ | ဒုဥက္ကဋ္ဌ |
| (ဂ) | ဦးရဲမင်းထွန်း | ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (ဃ) | ဦးဝေချစ် | လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (င) | ဦးစိုးကျော်သူ | လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (စ) | ဒေါ်ဇာခြည်သိမ့်သိမ့်အေး | လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာ လမင်းထွဋ် | လက်ထောက်ကထိက | အဖွဲ့ဝင် |
| (ဇ) | ဦးထိုက်အောင်ကျော် | လက်ထောက်ကထိက | အဖွဲ့ဝင် |
| (ဈ) | ဦးရန်လင်းအောင် | လက်ထောက်ကထိက | အဖွဲ့ဝင် |
| (ည) | ဦးအောင်ကောင်းမြတ် | လက်ထောက်ကထိက | အဖွဲ့ဝင် |
| (ဋ) | ဒေါက်တာ ရဲကိုကိုအောင် | လက်ထောက်ကထိက | အဖွဲ့ဝင် |
| (ဌ) | ဦးဝေဖြိုး | လက်ထောက်ကထိက | အဖွဲ့ဝင် |
| (ဍ) | ဒေါ်သီတာကျော် | လက်ထောက်ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |
| (ဎ) | ဒေါက်တာ စိုးထက်ဇော် | လက်ထောက်ကထိက | တွဲဖက်အတွင်းရေးမှူး |

၈။ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များအား အောက်ပါအတိုင်း သတ်မှတ်လိုက်သည်–

(က) တင်သွင်းသည့်ပစ္စည်း သို့မဟုတ် လုပ်ငန်းတာဝန်အရည်အသွေးများကို စစ်ဆေးခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(ခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂ) ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း၊

( င ) ပစ္စည်းအမျိုးအစားတစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့် နိုင်ငံ၊ ထုတ်လုပ်သည့် ခုနှစ်၊ ထုတ်လုပ်သည့် ကုမ္ပဏီများအပေါ်အခြေခံ၍ စိစစ်ခြင်း၊

( စ ) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ် အခြေခံ၍စိစစ်ခြင်း၊

(ဆ) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၉။ တင်ဒါကော်မတီအနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့နှင့်အညီ လိုက်နာဆောင်ရွက်သွားရန် ဖြစ်သည်။

ထွန်းအုံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၅၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး (ပို့ဆောင်ရေး)၊ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်အိအိမျိုး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်အတွင်းဝန်၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

မြထွန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၆/ ၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

**အမိန့်ကြော်ငြာစာအမှတ် ၅/၁၉၉၁ ကို ပယ်ဖျက်သည့် အမိန့်ကြော်ငြာစာ**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရန် ပစ္စည်းများကို အပ်ကုန်စနစ်အရ ပြည်ပမှတင်သွင်းပြီး ပြည်တွင်း၌ထုတ်လုပ်၍ ထွက်ရှိသော ကုန်ချောများကို ပြည်ပသို့ ပြန်လည်ပေးပို့သည့်ကိစ္စအတွက် ထုတ်ပြန်ခဲ့သော ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၁၇/ ၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် တာဝန်ထမ်းဆောင်နေသော လက်ထောက်အတွင်းဝန် ဒေါ်သန်းသန်းခင် အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လဖြစ်သည့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့အထိကာလကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ လက်ထောက်အတွင်းဝန် ဒေါ်သန်းသန်းခင် အား ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁၈-၂-၂၀၂၆ ရက်နေ့မှ ၁၇-၆-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးပြီးနောက်တစ်နေ့ဖြစ်သည့် ၁၈-၆-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့် အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ ကံဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၅၃၂/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ၏ခွင့်ပြုချက်အရ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်း ၅၈၅၄၂ ဗိုလ်ကြီး နေထက်အောင် အား နိုင်ငံခြားရေးဝန်ကြီးဌာန၌ လစ်လပ်လျက်ရှိသည့် လက်ထောက်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးနေရာတွင် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်ပြီး တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

သန်းဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ (၁၀၆၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ထိန်သစ်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၂၄/ တိုးချဲ့မြို့ကွက်သစ်)၊ ဦးပိုင်အမှတ် (၁-ခ) ရှိ **မြေဧရိယာ ၃.၄၄၃ ဧက** အား **အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒိုင်ဗင်ပါရေကူးကန်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၆၉/၂၀၂၅)

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဥယျာဉ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈ A)၊ မြေကွက်အမှတ် ( ၂၆/၁ ) ရှိ **မြေဧရိယာ ၈.၀၀ ဧက** အား **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၇၀/၂၀၂၅)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၀/၂၀၁၃ ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မြေနေရာအဖြစ် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၃ အရ လွှဲပြောင်းပေးခဲ့သော နေပြည်တော်၊ ဥတ္တရခရိုင် (ယခင်)၊ ဇေယျာသီရိမြို့နယ်အတွင်းရှိ **မြေဧရိယာ ၅၂၆၈၈.၁၁ ဧက** အနက်မှ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၅၆၅၊ ကျောက်ပုံကွင်း)၊ မြေကွက်အမှတ် (၃၀၃) ရှိ **မြေဧရိယာ ၁၅.၀၀ ဧက** အား **အမှတ် (၆) တက္ကသိုလ် လေ့ကျင့်ရေးတပ်** အမည်ဖြင့် လွှဲပြောင်းပေးလိုက်ပြီး **ကျန်မြေဧရိယာ ၅၂၆၇၃.၁၁ ဧက** အား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အမည်ဖြင့် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) နှင့် အမှတ် (၆) တက္ကသိုလ် လေ့ကျင့်ရေးတပ် အမည်တို့ဖြင့် အမိန့်ပြင်ဆင်သတ်မှတ်ပေးသည့် မြေဧရိယာများသည် အမှုတွဲများပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၇၁/၂၀၂၅)

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ထမ္မကောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၄၀၁/ငါးဆူကွင်း)၊ ဦးပိုင်အမှတ် (၅/၁) ရှိ **မြေဧရိယာ ၀.၄၈ ဧက** အား **စက်သုံးဆီအရောင်းဆိုင်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၂၃၀,၄၀၀/- ကျပ်နှုန်းဖြင့် ဦးကြည်ရွှင် [၇/ ပမန (နိုင်) ၀၉၃၃၁၆] နှင့် ဦးဇင်လင်းထူး [၁၂/ ရကန (နိုင်) ၀၇၁၆၁၆] တို့သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၇၂/၂၀၂၅)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ အမှတ် (၆) ရပ်ကွက်၊ ကွင်းအမှတ်/ အမည် (၁၁၈၆/ သာယာကုန်း)၊ ဦးပိုင်အမှတ် (၆/၂) ရှိ **မြေဧရိယာ ၇.၃၈ ဧက** အား **ကြက်အစာစပ်စက်ရုံလုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၄,၄၂၈,၀၀၀/- ကျပ်နှုန်းဖြင့် ဦးစိုးနိုင် [၁၃/ လလန (နိုင်) ၀၄၈၁၂၂] သို့ အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၉ (ဂ) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၇၃/၂၀၂၅)

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ထမ္မကောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၄၀၁/ ငါးဆူကွင်း)၊ ဦးပိုင်အမှတ် (၅/၂) ရှိ **မြေဧရိယာ ၀.၇၈ ဧက** အား **စားသောက်ဆိုင်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၃၅၅,၆၈၀/- ကျပ်နှုန်းဖြင့် ဦးကြည်ရွှင် [၇/ပမန (နိုင်) ၀၉၃၃၁၆] နှင့် ဦးဇင်လင်းထူး [၁၂/ ရကန (နိုင်) ၀၇၁၆၁၆] တို့သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၇၆/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၃) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များ သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်–

| | | |
|---|---|---|
| (၁) | လ ၁၁၉၆၁၃ ရဲအုပ် မြတ်မင်းဆင့် သတင်းရဲတပ်ဖွဲ့ | ရဲ ၈၈၇၆ |
| (၂) | လ ၁၁၃၇၁၉ ရဲအုပ် မြစိုး ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၈၈၇၇ |
| (၃) | လ ၁၂၈၂၂၉ ရဲအုပ် လှငွေ ရဲအရာရှိလေ့ကျင့်ရေးကျောင်း | ရဲ ၈၈၇၈ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၇၈/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးဌာနမှ ဌာနမှူး ရဲ ၁၆၆၃ ရဲမှူးကြီး မြင့်ထူး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀–၁၀–၂၀၂၅ ရက်နေ့မှ ၁၉–၂–၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀–၂–၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၇၉/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယတပ်ဖွဲ့မှူး ရဲ ၂၀၈၁ ရဲမှူးကြီး အောင်သက်နိုင် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂–၁၀–၂၀၂၅ ရက်နေ့မှ ၁–၂–၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂–၂–၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၀၉၄/၂၀၂၅)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ကွင်းအမှတ်/ အမည် (၉၂/ ဖက်ခင်း)၊ ဦးပိုင်အမှတ် (၁၄/၁၆) ရှိ **မြေဧရိယာ ၀.၂၂ ဧက** အား **ဟောင်သရောတည်းခိုခန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၁၀၅,၆၀၀/– နှုန်းဖြင့် ဦးစောမျိုးသိန်း [၃/ကဆက (နိုင်) ၀၇၀၁၀၉] နှင့် ဒေါ်နော်အယ်ဖေ [၁၀/မလမ (နိုင်) ၂၀၉၂၅၀] သို့ အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာ မြေများနည်းဥပဒေ ၉ (က) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၉၅/၂၀၂၅)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ကုလားဝဲကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၇၁၀/ ကုလားဝဲမြောက်ကွင်း)၊ ဦးပိုင်အမှတ် (၃/ဃ) ရှိ မြေဧရိယာ ၁.၅၅ ဧက၊ ဦးပိုင်အမှတ် (၄/ခ) ရှိ မြေဧရိယာ ၄.၉၀ ဧက၊ ဦးပိုင်အမှတ် (၅/က) ရှိ မြေဧရိယာ ၂.၄၆ ဧက၊ ဦးပိုင်အမှတ် (၇/က) ရှိ မြေဧရိယာ

၅.၁၀ ဧကနှင့် ဦးပိုင်အမှတ် (၁၁/၈) ရှိ မြေဧရိယာ ၀.၀၅ ဧက **စုစုပေါင်းမြေဧရိယာ ၁၄.၀၆ ဧက** အား **အိတ်ချုပ်လုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၅,၀၆၁,၆၀၀ိ/- နှုန်းဖြင့် ဒေါက်တာ ဖေသက်ဇော် [၁၂/ မဂဒ (နိုင်) ၁၂၅၆၈၄] သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၉၆/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၆၅၄/သုံးတောင်ကွင်း)၊ ဦးပိုင်အမှတ် (၂၅) ရှိ **မြေဧရိယာ ၃.၃၉ ဧက** အား **လယ်ယာသုံးပစ္စည်းအရောင်းခန်းမ၊ ဓာတ်မြေဩဇာအရောင်းခန်းမနှင့် ဂိုဒေါင်ဆောက်လုပ်ရန်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၁,၂၂၀,၄၀၀ိ/- နှုန်းဖြင့် ဦးထွန်းထွန်းအောင် [၉/မရမ (နိုင်) ၀၅၄၀၉၈] သို့ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၆ (၁) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃၇၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

### အမျိုးသားအပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေ အခန်း (၃) ပုဒ်မ ၄ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **အမျိုးသားအပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ** အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး (စိုက်ပျိုးရေးကဏ္ဍ) — ဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ခ) အမြဲတမ်းအတွင်းဝန် — ဒုတိယဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စီမံကိန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) ပါမောက္ခချုပ် — အဖွဲ့ဝင်
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဇီဝနည်းပညာသုတေသနဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဎ) အပင်မျိုးမွေးမြူခြင်းဆိုင်ရာ ပြင်ပကျွမ်းကျင်ပညာရှင်တစ်ဦး — အဖွဲ့ဝင်

(ဏ) မျိုးစေ့လုပ်ငန်းဆိုင်ရာ ပြင်ပကျွမ်းကျင်ပညာရှင်တစ်ဦး — အဖွဲ့ဝင်

(တ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
စိုက်ပျိုးရေးသုတေသနဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ထ) ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) — တွဲဖက်အတွင်းရေးမှူး
စိုက်ပျိုးရေးသုတေသနဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ အထက်ဖော်ပြပါ ဖွဲ့စည်းလိုက်သည့် **အမျိုးသားအပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ** အနေဖြင့် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၃။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ မေလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၂၂ နှင့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄၄/၂၀၂၄ တို့အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

**ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၆,၃၅၄ ဧကရှိသော နယ်မြေကို **ချောင်းညီကိုဒီရေတော ကြိုးပြင်ကာကွယ်တော** အဖြစ် ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက် (၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ဆင်ကူးကြီးချောင်းအဝ ခန့်မှန်းမြေပုံညွှန်း 11.79038˚N, 98.61870˚E မှစ၍ အရှေ့တောင်ဘက်သို့ ဆင်ကူးကြီးချောင်းအတိုင်း ၃.၃ ဖာလုံခန့်လာရာ ချောင်းပေါက်ငယ်အဝ ခန့်မှန်းမြေပုံညွှန်း 11.79090˚N, 98.62469˚E အထိ၊ ထိုမှ ဆင်ကူးကြီးချောင်းအတိုင်း အရှေ့တောင်ဘက်သို့ ၂ မိုင်ခန့်လာရာ ချောင်းပေါက်ငယ်အဝ ခန့်မှန်းမြေပုံညွှန်း 11.77308˚N, 98.64794˚E အထိ၊ ထိုမှ ဆင်ကူးကြီးချောင်းအတိုင်း အရှေ့တောင်ဘက် နယ်နိမိတ်အတိုင်း ၇.၄၃ ဖာလုံခန့်လာရာ ချောင်းပေါက်ငယ်ဝ ခန့်မှန်းမြေပုံညွှန်း 11.77351˚N, 98.66167˚E အထိ၊

အရှေ့ဘက်။ ထိုမှ ချောင်းပေါက်ငယ်အတိုင်း အနောက်တောင်ဘက်သို့ ၃.၃၉ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.76932˚N, 98.66626˚E အထိ၊ ထိုမှ ချောင်းငယ်အတိုင်း အနောက်တောင်ဘက်သို့ ၂.၆၆ ဖာလုံခန့်လာရာ ချောင်းညီကိုချောင်းဖျား ခန့်မှန်းမြေပုံညွှန်း 11.76879˚N, 98.66139˚E အထိ၊ ထိုမှ ချောင်းပေါက်ငယ်အတိုင်း အနောက်တောင်ဘက်သို့ ၁.၇၂ ဖာလုံခန့်လာရာ ချောင်းပေါက်ဝ ခန့်မှန်းမြေပုံညွှန်း 11.76981˚N, 98.65841˚E အထိ၊

တောင်ဘက်။ ထိုမှ ချောင်းငယ်အတိုင်း အနောက်တောင်ဘက်သို့ ၅.၁၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.76101˚N, 98.65521˚E အထိ၊ ထိုမှ ချောင်းအတိုင်း အနောက်တောင်ဘက်သို့ ဝ.၆၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.76106˚N, 98.65409˚E အထိ၊ ထိုမှ စန္ဒားငယ်ချောင်းဖျားအတိုင်း အနောက်တောင်ဘက်သို့ ၂.၀၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.75735˚N, 98.65379˚E အထိ၊ ထိုမှ စန္ဒားငယ်ချောင်းအတိုင်း အနောက်တောင်ဘက်သို့ ၂.၄၁ ဖာလုံခန့်လာရာ ချောင်းပေါက်ငယ်အဝ ခန့်မှန်းမြေပုံညွှန်း 11.75404˚N, 98.65084˚E အထိ၊ ထိုမှ စန္ဒားငယ်ချောင်းအတိုင်း အနောက်မြောက်ဘက်သို့ ၂.၉၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.75745˚N, 98.64675˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၃.၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.75429˚N, 98.64155˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၂.၉၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.75391˚N, 98.63615˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၃.၂၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.74850˚N, 98.63363˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၅.၉၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.74384˚N, 98.62368˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၄.၁၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.73697˚N, 98.62072˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၅.၁၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.73297˚N, 98.61205˚E အထိ၊

အနောက်ဘက်။ ထိုမှ ဒီရေတောအစပ်အတိုင်း အနောက်မြောက်ဘက်သို့ ၁ မိုင် ၁.၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.74205°N, 98.59731°E အထိ၊ ထိုမှ ဒီရေတောအစပ်အတိုင်း အနောက်မြောက်ဘက်သို့ ၁ မိုင် ၃.၀၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.76085°N, 98.59037°E အထိ၊ ထိုမှ ဒီရေတောအစပ်အတိုင်း အရှေ့မြောက်ဘက်သို့ ၆.၆၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.76529°N, 98.60175°E အထိ၊ ထိုမှ ဒီရေတောအစပ်အတိုင်း အရှေ့မြောက်ဘက်သို့ ၄.၅၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.77106°N, 98.60767°E အထိ၊ ထိုမှ ဒီရေတောအစပ်အတိုင်း အရှေ့မြောက်ဘက်သို့ ၄.၄၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.77824°N, 98.61146°E အထိ၊ ထိုမှ ဒီရေတောအစပ်အတိုင်း အရှေ့မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.78014°N, 98.61462°E အထိ၊ ထိုမှ ဒီရေတောအစပ်အတိုင်း အနောက်မြောက်ဘက်သို့ ၁.၉ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.78327°N, 98.61322°E အထိ၊ ထိုမှ ဒီရေတောအစပ်အတိုင်း အရှေ့မြောက်ဘက်သို့ ၄.၉၂ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 11.79038°N, 98.61870°E အထိ။

၃။ **တားမြစ်ချက်များ**

**ချောင်းညီကို ဒီရေတောကြိုးပြင်ကာကွယ်တော** အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့် ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏ အကြောင်းအရာ | ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန်ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၅/၂၀၂၅)**

**ကြိုးဝိုင်းတောဖွဲ့စည်းရန် ရည်ရွယ်ကြောင်းကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်း

ထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၈,၀၄၀ ဧကရှိသော နယ်မြေကို **ဟွေဟုတ်ကြိုးဝိုင်းတော** အဖြစ် ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက် (၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်) မှစ၍ ဖွဲ့စည်းရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

## ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက်။ နမ့်ပန်ချောင်းအတွင်းသို့ စီးဝင်သည့် ဟွေဟုတ်ချောင်း ခန့်မှန်းမြေပုံညွှန်း 20° 8′ 25.34″ N, 98° 0′ 3.61″ E မှအစပြု၍ အရှေ့ဘက်သို့ တောင်ကြောအတိုင်း ၁ မိုင် ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 8′ 25.31″ N, 98° 1′ 23.26″ E အထိ၊ ထိုမှ အရှေ့ဘက်သို့ တောင်ကြောအတိုင်း ၂ မိုင် ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 8′ 18.56″ N, 98° 3′ 14.46″ E အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁ မိုင် ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 7′ 55.27″ N, 98° 4′ 39.97″ E အထိ၊

အရှေ့ဘက်။ ထိုမှ နမ့်ပန်ချောင်းလက်တက်အတိုင်း အရှေ့တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 7′ 47.65″ N, 98° 4′ 47.49″ E အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 7′ 28.52″ N, 98° 4′ 58.77″ E အထိ၊ ထိုမှ တောင်ဘက်သို့ ၁ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 6′ 30.89″ N, 98° 4′ 44.19″ E အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ၁ မိုင် ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 6′ 49.27″ N, 98° 3′ 44.87″ E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁ မိုင် ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 5′ 54.94″ N, 98° 2′ 51.38″ E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁ မိုင် ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 6′ 42.58″ N, 98° 2′ 25.94″ E အထိ၊ ထိုမှ အနောက်ဘက်သို့ ၁ မိုင် ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 6′ 57.96″ N, 98° 1′ 13.84″ E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ နမ့်ပန်ချောင်းလက်တက်အတိုင်း ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 6′ 46.32″ N, 98° 0′ 54.10″ E အထိ၊ ထိုမှ တောင်ဘက်သို့ နမ့်ပန်ချောင်းလက်တက်အတိုင်း ၁ မိုင် ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 5′ 34.84″ N, 98° 0′ 31.53″ E အထိ၊ ထိုမှ အနောက်ဘက်သို့ နမ့်ပန်ချောင်းအတိုင်း ၁ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 5′ 34.49″ N, 97° 59′ 28.71″ E အထိ၊ ထိုမှ တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 5′ 19.48″ N, 97° 59′ 20.49″ E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20° 5′ 37.34″ N, 97° 58′ 56.96″ E အထိ၊

အနောက်ဘက်။ ထိုမှ ဟွေဟုတ်ချောင်းအတိုင်း အရှေ့မြောက်ဘက်သို့ ၃ မိုင် ၄ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 20° 8′ 25.34″ N, 98° 0′ 3.61″ E အထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း

ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) အရ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လင်းခေးမြို့နယ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## ၃။ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ထို့အပြင် ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးဝိုင်းတောနယ်နိမိတ် သတ်မှတ်ရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ)

အရ သစ်တောကြေးတိုင်အရာရှိဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ စိစစ်ရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | မြို့နယ်အုပ်ချုပ်ရေးမှူး (သစ်တောကြေးတိုင်အရာရှိ)<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လင်းခေးမြို့နယ် | ဥက္ကဋ္ဌ |
| ၂ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်မြေစာရင်းဦးစီးဌာန၊ လင်းခေးမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ လင်းခေးမြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးစိုင်းကုမ်း<br>ဒေသခံပြည်သူ၊ ပုန်းလောင်းကျေးရွာ၊ လွိုင်လုံကျေးရွာအုပ်စု၊ လင်းခေးမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးစိုင်းအုန်းဖေ<br>ဒေသခံပြည်သူ၊ ဟွေနိမ့်ကျေးရွာ၊ လွိုင်လုံကျေးရွာအုပ်စု၊ လင်းခေးမြို့နယ် | အဖွဲ့ဝင် |
| ၆ | ဦးစောတိ<br>ဒေသခံပြည်သူ၊ ပန်တဝိကျေးရွာ၊ လွိုင်လုံကျေးရွာအုပ်စု၊ လင်းခေးမြို့နယ် | အဖွဲ့ဝင် |
| ၇ | ဦးပန္တ<br>ဒေသခံပြည်သူ၊ နမ့်တယ်ကျေးရွာ၊ လွိုင်လုံကျေးရွာအုပ်စု၊ လင်းခေးမြို့နယ် | အဖွဲ့ဝင် |
| ၈ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ လင်းခေးမြို့နယ် | အတွင်းရေးမှူး |

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စက်မှုဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၁။　၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၉) မှ သဘောတူခွင့်ပြုချက်အရ ထုတ်ဝေခဲ့သည့် မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာမူဝါဒပါ လုပ်ငန်းရပ်များအား စိစစ်အကဲဖြတ်ခြင်း၊ သုံးသပ်ပြင်ဆင်ခြင်း၊ ထိန်းချုပ်တည့်မတ်ခြင်းတို့ ဆောင်ရွက်နိုင်ရေးအတွက် **မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒကြီးကြပ်ရေးကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က)　ပြည်ထောင်စုဝန်ကြီး　　ဥက္ကဋ္ဌ
စက်မှုဝန်ကြီးဌာန

(ခ)　ဒုတိယဝန်ကြီး　　ဒုတိယဥက္ကဋ္ဌ
စက်မှုဝန်ကြီးဌာန

| | | |
|---|---|---|
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အတွင်းရေးမှူး<br>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် | အဖွဲ့ဝင် |
| (ဏ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | နာယက<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် | အဖွဲ့ဝင် |

(ထ) ဦးဆောင်ညွှန်ကြားရေးမှူး အတွင်းရေးမှူး
အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန

(ဒ) အထွေထွေမန်နေဂျာ တွဲဖက်အတွင်းရေးမှူး
ထုတ်လုပ်ရေးဌာန
အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန

၂။ မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ရေရှည်တည်တံ့ခိုင်မြဲသည့် ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်မှုနှင့်ဆက်စပ်သော စက်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ထုတ်လုပ်မှုကွန်ရက်အတွင်း ဝင်ရောက်လာနိုင်စေရန် စီမံခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒပါလုပ်ငန်းရပ်များ အကောင်အထည်ဖော်ရန် လိုအပ်သည့် လမ်းညွှန်ချက်များချမှတ်ခြင်းနှင့် စံပြုလုပ်ငန်းစဉ် (Standard Operating Procedure–SOP) များ ထုတ်ပြန်ခြင်း၊

(ဂ) ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်မှုနှင့်ဆက်စပ်သော စက်မှုလုပ်ငန်းများအတွက် သင့်လျော်သည့် စီးပွားရေးဝန်းကျင်ကောင်းများဖြစ်ပေါ်လာစေရေး စီမံဆောင်ရွက်ခြင်း၊

(ဃ) အရည်အသွေးပြည့်မီပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြင့် ဘေးကင်းလုံခြုံမှု ရှိစေသည့် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ဆိုင်ရာ အစိတ်အပိုင်းများ ထုတ်လုပ်နိုင်ရေးအတွက် စံသတ်မှတ်ချက်များ၊ စည်းမျဉ်းများချမှတ်၍ သတ်မှတ်ပြဋ္ဌာန်းနိုင်ရေး အတည်ပြုဆောင်ရွက်ခြင်း၊

(င) ပြည်တွင်းရှိ မော်တော်ယာဉ်ဆိုင်ရာ [ပံ့ပိုးစက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်ဆိုင်ရာ အစိတ်အပိုင်းနှင့် စနစ်များ (Component Parts & System)]၊ အပိုပစ္စည်းများနှင့် စက်ကိရိယာများနှင့် ပြည်တွင်း ပြည်ပ မော်တော်ယာဉ်ထုတ်လုပ်သူများအချင်းချင်း ချိတ်ဆက်မှုအားကောင်းလာစေရေးနှင့် ထုတ်လုပ်မှု ကွန်ရက်သို့ ဝင်ရောက်နိုင်ရေးတို့အတွက် လမ်းညွှန်ခြင်း၊

(စ) မော်တော်ယာဉ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းအတွက် မြန်မာစံချိန်စံညွှန်းများကို လိုက်နာစေခြင်းအပြင် အာဆီယံဒေသတွင်း မော်တော်ယာဉ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ် (ASEAN Mutual Recognition Arrangement on Type Approval for Automotive Products–ASEAN APMRA) အရ အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လမ်းညွှန်မှုပေးခြင်း၊

(ဆ) မော်တော်ယာဉ်ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ (Automotive Institution) ခိုင်မာအားကောင်းလာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး (Human Resources Development) မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ ရေးဆွဲရေးဆိုင်ရာ လမ်းညွှန်မှုပေးခြင်း၊

(ဇ) ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် မော်တော်ယာဉ်များကို ထုတ်လုပ်သူနှင့် ရောင်းချသူများအနေဖြင့် ဈေးနှုန်းများ မြှင့်တင်ရောင်းချခြင်း၊ ဈေးကစားခြင်းများ မပြုလုပ်နိုင်စေရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ထိန်းချုပ်ကြပ်မတ်ခြင်း၊

(ဈ) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

၃။ စက်မှုဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ အမှတ် ၆/၂၀၂၃ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ ချာလီသန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ထွန်းဦး-၁၊ [၅/ရဘန (နိုင်) ၀၁၀၈၈၇] အား လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၂၅)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နီနီကျော် [၁၂/ လသန (နိုင်) ၀၁၂၅၀၅]၊ လစာနှုန်း(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းမှ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့ ညနေပိုင်းအထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် နောက်တစ်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း (၁၂)၊ ပုဒ်မ ၅၆၊ ၅၇ နှင့် နည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ချစ်ဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၆၀/၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၅) အစီအစဉ် (၄) (စ-၁၀) ၌ သဘောတူဆုံးဖြတ်ချက်အရ ပညာရေးဝန်ကြီးဌာန၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အဆိုပါဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဒေါ်အေးဖြူ | ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်း)၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူး (သုတေသန) ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန |

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| (၁) | ဒေါ်ဇင်မင်းထွေး | ဒုတိယညွှန်ကြားရေးမှူး (စီမံ)၊ ပညာရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူး (စီမံကိန်း) ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၆၁/၂၀၂၅)**

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၅) အစီအစဉ် ၄ (ဃ-၂) ၌ သဘောတူဆုံးဖြတ်ချက်အရ မြစ်ကြီးနားတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာ အောင်ဝင်း အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃(က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ ချောချောစိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

**ညွှန်ကြားရေးမှူးချုပ်ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉၅/၂၀၂၅ ၏ အမှတ်စဉ် (၂) အရ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နေခြည်လွဲလွဲသိန်း အား ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန် ဝတ္တရားများ စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ဒေါက်တာ မျိုးသိန်းကျော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

အမှတ် ၁၉၈။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင်ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၂၅) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး/ဌာနခွဲစာရေး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) တို့အား အမည်နှင့်ယှဉ်တွဲပါ ရာထူး၊ ဌာနများသို့ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် အလုပ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဦးတင်မောင်ဝင်း<br>ဒုတိယဦးစီးမှူး<br>မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>စေတုတ္တရာမြို့နယ်<br>မကွေးတိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>စလင်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မကွေးတိုင်းဒေသကြီး |
| ၂။ | ဒေါ်ချိုချိုဝင်း<br>ဒုတိယဦးစီးမှူး (အာဟာရ)<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မွန်ပြည်နယ် | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>မုဒုံမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မွန်ပြည်နယ် |
| ၃။ | ဦးကြည်ခိုင်<br>ဒုတိယဦးစီးမှူး<br>မကွေးခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မကွေးတိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>မင်းဘူးခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မကွေးတိုင်းဒေသကြီး |
| ၄။ | ဒေါ်ဆန်းမိဦး<br>ဒုတိယဦးစီးမှူး<br>လွိုင်လင်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရှမ်းပြည်နယ် (တောင်ကြီး) | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>လွိုင်လင်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရှမ်းပြည်နယ် (တောင်ကြီး) |
| ၅။ | ဒေါ်မြင့်မြင့်အေး<br>ဌာနခွဲစာရေး<br>ကော့သောင်းခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>တနင်္သာရီတိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ကော့သောင်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>တနင်္သာရီတိုင်းဒေသကြီး |
| ၆။ | ဒေါ်နီလာထွေး<br>ဒုတိယဦးစီးမှူး<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>မရမ်းကုန်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး |
| ၇။ | ဒေါ်စိန်စိန်ထွေး<br>ဒုတိယဦးစီးမှူး<br>ဗဟန်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>အလုံမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး |
| ၈။ | ဒေါ်မီးမီး<br>ဒုတိယဦးစီးမှူး (စာရင်းအင်း)<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကရင်ပြည်နယ် | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကရင်ပြည်နယ် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၉။ | ဦးမောင်မောင်နိုင်<br>ဌာနခွဲစာရေး<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ပဲခူးတိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပဲခူးခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ပဲခူးတိုင်းဒေသကြီး |
| ၁၀။ | ဦးအုန်းသန်း<br>ဒုတိယဦးစီးမှူး<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ဧရာဝတီတိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ဧရာဝတီတိုင်းဒေသကြီး |
| ၁၁။ | ဒေါ်နန္ဒာလှိုင်<br>ဌာနခွဲစာရေး<br>ရောဂါနှိမ်နင်းရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၁၂။ | ဒေါ်ဆွေဆွေမော်<br>ဒုတိယဦးစီးမှူး<br>ပုသိမ်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ဧရာဝတီတိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပုသိမ်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ဧရာဝတီတိုင်းဒေသကြီး |
| ၁၃။ | ဒေါ်ခင်မာဝေ<br>ဒုတိယဦးစီးမှူး (အာဟာရ)<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ပဲခူးတိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ဒိုက်ဦးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ပဲခူးတိုင်းဒေသကြီး |
| ၁၄။ | ဦးသိန်းထွန်း<br>ဌာနခွဲစာရေး<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မကွေးတိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>မကွေးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မကွေးတိုင်းဒေသကြီး |
| ၁၅။ | ဒေါ်ယဉ်ယဉ်မွန်<br>ဒုတိယဦးစီးမှူး<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မကွေးတိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>မြို့သစ်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မကွေးတိုင်းဒေသကြီး |
| ၁၆။ | ဒေါ်ချိုချိုမာ<br>ဌာနခွဲစာရေး<br>ဘဏ္ဍာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၁၇။ | ဒေါ်သန့်သန့်ကြိုင်<br>ဌာနခွဲစာရေး<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရှမ်းပြည်နယ် (လားရှိုး) | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရှမ်းပြည်နယ် (ကျိုင်းတုံ) |
| ၁၈။ | ဒေါ်နှင်းမူ<br>ဒုတိယဦးစီးမှူး<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>စစ်ကိုင်းတိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၉။ | ဒေါ်ရီရီမောင်<br>ဒုတိယဦးစီးမှူး<br>အမရပူရမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၂၀။ | ဒေါ်ခိုင်စံပယ်ဦး<br>ဒုတိယဦးစီးမှူး<br>ရန်ကင်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ဗိုလ်တထောင်မြို့နယ်ပြည်သူ့<br>ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး |
| ၂၁။ | ဒေါ်နန္ဒာထွန်း<br>ဒုတိယဦးစီးမှူး (စီမံကိန်း)<br>မော်လမြိုင်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မွန်ပြည်နယ် | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>မော်လမြိုင်မြို့နယ်ပြည်သူ့ကျန်းမာရေး<br>ဦးစီးဌာန<br>မွန်ပြည်နယ် |
| ၂၂။ | ဒေါ်မြတ်မြတ်မော်<br>ဒုတိယဦးစီးမှူး<br>အရှေ့ပိုင်းခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>တောင်ဥက္ကလာပမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး |
| ၂၃။ | ဦးမြဦး<br>ဌာနခွဲစာရေး<br>ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၂၄။ | ဒေါ်ဝါဝါလွင်<br>ဌာနခွဲစာရေး<br>ဘဏ္ဍာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၂၅။ | ဒေါ်နွယ်နွယ်ဦး<br>ဌာနခွဲစာရေး<br>ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၂၆။ | ဒေါ်ယဉ်ငြိမ်းအေး<br>ဌာနခွဲစာရေး<br>ရပကနဌာနစိတ်၊ ရောဂါနှိမ်နင်းရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၂၇။ | ဒေါ်နီနီဝင်း<br>ဌာနခွဲစာရေး<br>ဘဏ္ဍာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၂၈။ | ဦးသန်းဝင်း<br>ပစ္စည်းထိန်း-၂<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>တာမွေမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး |
| ၂၉။ | ဒေါ်ခင်ငြိမ်းသူ<br>ဒုတိယဦးစီးမှူး (စာရင်းအင်း)<br>ကျန်းမာရေးသတင်းအချက်အလက်<br>ဌာနစိတ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>(စစ်ဆေးရေးဌာနခွဲအင်အားဖြင့်) | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၃၀။ | ဒေါ်သိမ့်သိမ့်ဝင်း<br>ဌာနခွဲစာရေး<br>ကျန်းမာရေးသတင်းအချက်အလက်ဌာနစိတ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>(စစ်ဆေးရေးဌာနခွဲအင်အားဖြင့်) | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၃၁။ | ဒေါ်တင်နီလာဝင်း<br>ဌာနခွဲစာရေး<br>အနာကြီးရောဂါတိုက်ဖျက်ရေးဌာနစိတ်<br>ရောဂါနှိမ်နင်းရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၃၂။ | ဦးအောင်မျိုးမင်း<br>ဌာနခွဲစာရေး<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ဧရာဝတီတိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပုသိမ်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ဧရာဝတီတိုင်းဒေသကြီး |
| ၃၃။ | ဒေါ်အေးသီတာအောင်<br>ဌာနခွဲစာရေး<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရှမ်းပြည်နယ် (လားရှိုး) | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>လားရှိုးခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရှမ်းပြည်နယ် (လားရှိုး) |
| ၃၄။ | ဒေါ်ကေသီဝင်း<br>ဌာနခွဲစာရေး<br>အနောက်ပိုင်းခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>မြောက်ဒဂုံမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး |
| ၃၅။ | ဒေါ်သင်းသင်းလှိုင်<br>ဌာနခွဲစာရေး<br>စီမံကိန်းဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၃၆။ | ဒေါ်ရီရီမြင့်<br>ဌာနခွဲစာရေး<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>အောင်မြေသာစံမြို့နယ်ပြည်သူ့ကျန်းမာရေး<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး |
| ၃၇။ | ဦးအောင်ကျော်သူ<br>ဌာနခွဲစာရေး<br>စီမံခန့်ခွဲရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>(ကျန်းမာရေးသတင်းအချက်အလက်ဌာနစိတ်တွဲဖက်) | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၃၈။ | ဒေါ်ပိုပိုချစ်<br>ဒုတိယဦးစီးမှူး (ပတ်ဝန်းကျင်)<br>လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၃၉။ | ဒေါ်အေမီသန်း<br>ဌာနခွဲစာရေး<br>ကျန်းမာရေးသတင်းအချက်အလက်ဌာနစိတ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>(စီမံကိန်းဌာနခွဲအင်အားဖြင့်) | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၄၀။ | ဒေါ်ခိုင်ဆွေဝင်း<br>ဌာနခွဲစာရေး<br>ကလေးကျန်းမာဖွံ့ဖြိုးရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၄၁။ | ဦးဝင်းဝင်းထွန်း<br>ဒုတိယဦးစီးမှူး (ကျန်းမာပညာ)<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မကွေးတိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/ စီမံ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန |

မှတ်ချက်။ တိုးမြှင့်ခန့်ထားခြင်းခံရသည့် ဦးစီးအရာရှိများသည် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)၊ စီမံ/ဘဏ္ဍာဌာနခွဲမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းမြင့်အား ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး၊ တောင်ကြီးမြို့သို့ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

ဒေါက်တာ စိုးဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၄၇၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

## ညွှန်ကြားရေးမှူးချုပ်ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉၁/၂၀၂၅ ၏ အမှတ်စဉ် (၂) အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့မှ ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါ်စီစီချိန် (၇၃၄၉) အား စစ်ဆေးရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများ စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၇၄/၂၀၂၅)

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင်ကျင်းပသော ဤရုံး၊ အရည်အချင်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၅) ဖြင့် အတည်ပြုချက်အရ စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သန္တာဖြူအေး (၁၁၀၆၇) အား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့တွင် ဒုတိယအမြဲတမ်းအတွင်းဝန်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာ ခင်နိုင်ဦး
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

အမှတ် ၂၂၂/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ဟန်ဝင်းအောင် ကြည်း ၈၁၅၃၀

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

### အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

အမှတ် ၁။ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်သည် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၅ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာဖြင့် အများနှင့်ဆိုင်သောအကောက်ခွန်ကုန်လှောင်ရုံအဖြစ် သတ်မှတ်ခဲ့သည့် Resources Group Logistics Company Limited ၏ Plot A1၊ ရန်ကုန်–မန္တလေးမီးရထားလမ်း၊ မြစ်ငယ်ရပ်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ ၅,၇၇၄.၅၇ စတုရန်းမီတာ (5,774.57 Sqm) အကျယ်အဝန်းရှိ ကုန်လှောင်ရုံတည်နေရာ **အစား** Plot A2၊ ရန်ကုန်–မန္တလေးမီးရထားလမ်း၊ မြစ်ငယ်ရပ်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ ၅,၇၇၄.၅၇ စတုရန်းမီတာ (5,774.57 Sqm) အကျယ်အဝန်းရှိ ကုန်လှောင်ရုံ တည်နေရာသို့ ပြောင်းလဲသတ်မှတ်လိုက်သည်။

Plot A2၊ ရန်ကုန်-မန္တလေးမီးရထားလမ်း၊ မြစ်ငယ်ရပ်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ Resources Group Logistics Company Limited ၏ ၅,၇၇၄.၅၇ စတုရန်းမီတာ (5,774.57 Sqm) အကျယ်အဝန်းရှိ အများနှင့်ဆိုင်သော အကောက်ခွန်ကုန်လှောင်ရုံအား မူလသတ်မှတ်ခဲ့သည့်နေ့ရက်အတိုင်း ဆက်လက်တည်ရှိသည်ဟု မှတ်ယူရမည်။

သိန်းဆွေ
ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၂၃၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (ဘဏ္ဍာရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၆/၂၀၂၅) မှ သဘောတူညီချက်ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂ (၁)/၀၈(က) (၂၁၅၁/၂၀၂၅) နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ (၈/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အောက်ဖော်ပြပါစာရင်းကိုင် - ၁ (၂) ဦးတို့အား အမည်နှင့် ယှဉ်တွဲပါ ဌာနများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့ရက်မှစ၍ ဦးစီးအရာရှိ (ဘဏ္ဍာရေး) ရာထူးသို့ တိုးမြှင့်ခန့်ထားပြီး နေရာချထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်<br>ထမ်းဆောင်သည့် ဌာန | နေရာချထားမည့် ဌာန |
|---|---|---|---|
| ၁ | ဒေါ်တင်မူမူဝင်း | ညွှန်ကြားရေးမှူးရုံး<br>ရန်ကုန်တိုင်းဒေသကြီး | ညွှန်ကြားရေးမှူးရုံး<br>ပဲခူးတိုင်းဒေသကြီး |
| ၂ | ဒေါ်ယမင်းထိုက် | ညွှန်ကြားရေးမှူးရုံး<br>ရှမ်းပြည်နယ် | ညွှန်ကြားရေးမှူးရုံး<br>ရှမ်းပြည်နယ် |

ဒေါက်တာ ဆန်းဦး
ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## အဆင့်မြင့်ပညာဦးစီးဌာန

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

အမှတ် ၁၁၀၂။ မြိတ်တက္ကသိုလ်၊ ပထဝီဝင်ဌာနမှ တွဲဖက်ပါမောက္ခ ဒေါ်နုနုလွင် အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ သန်းဇော်ဦး
ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်<br>(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

Notice for Final Closure of

**DIARTRIE COMPANY LIMITED**

(In Members' Voluntary Liquidation)

Notice is hereby given that Final Meeting of shareholders of Diartrie Co., Ltd was held at 10:00 am on November 27, 2025 at Building No.55, Room No.7, 2nd Floor, Maha Bandula Garden Street, Kyauktada Township, Yangon.

Liquidator's final report and statement of accounts were submitted to the Final Meeting and final closure of Diartrie Co., Ltd was approved by the shareholders.

Daw Rosalind LL.B

Advocate – 9685, MAIP – 00125

Liquidator

Building No.55, Room No.7, 2nd Floor, Maha Bandula Garden Street, Kyauktada Township, Yangon.

Phone: 09 5093115

**GVT K & K Co., Ltd**

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **GVT K & K Co., Ltd** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂-၁၂-၂၀၂၅) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com, CPA)၊ အမှတ် (၁၇၈)၊ မီနီကွန်ဒို၊ မြေညီထပ် (ဘီ)၊ တကောင်း (၅) လမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၉-၁-၂၀၂၆) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်ခင်မေမြတ်
မန်နေးဂျင်းဒါရိုက်တာ
GVT K & K Co., Ltd
၏ ဒါရိုက်တာအဖွဲ့ကိုယ်စား

ဦးစိန်ကျော်ဝင်း
B.Com, CPA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း-၀၉-၅၁၂၅၉၈၅

ပ၊ ထ၊ န - အမှတ် ၆၃၅/၂၄/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၂၀၀/ ၁၉-၁၂-၂၀၂၅။